# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 22 September 2026 ၁၂၃၀၉


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည်ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ–၁၂၂)


ယနေ့ ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

စာမျက်နှာ » ၈

ဘိုးဘွားတို့ရဲ့ အနုသုခုမ ယဉ်ကျေးမှုအမွေ ထိန်းသိမ်းကြစို့လေ

ဆောင်းပါး စာမျက်နှာ » ၁၂

အကြမ်းဖက်ဖြစ်စဉ်များကြောင့် နှစ်နှစ်နီးပါး ရပ်နားထားသည့် ဖလမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာများ ပြန်လည်ထုတ်ပေး

စာမျက်နှာ » ၁၇





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

### မိမိတို့အနေဖြင့် လယ်ယာ၊ မွေးမြူရေး၊ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားများကိုအခြေခံပြီး ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရမည်

နေပြည်တော် စက်တင်ဘာ ၂၁

“လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန– ၁ (MICC–1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ✣




## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်–အနောက်တောင်ဘက် ရေမိုင် ၃၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၂၉၅ မိုင်ခန့်နှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✦

## ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးအား မိဘဆွေမျိုးမိသားစုဝင်များသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာ စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆို



နေပြည်တော် စက်တင်ဘာ ၂၁

နိုင်ငံတော်၏ အမိမြေကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံသားကောင်းများပီသစွာ အသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂

ကြေးမုံ

# လူသားအရင်းအမြစ်ဖြစ်ထွန်းရေး ပညာရေးကဏ္ဍမြှင့်တင်အားပေး

နိုင်ငံသားအားလုံးအနေဖြင့် ပညာသင်ကြားရန်၊ ပညာတတ်မြောက်ရန်လိုအပ်ပြီး ပညာတတ်မြောက်မှသာ မိမိတို့အနာဂတ်အတွက် အာမခံချက်ဖြစ်စေသော အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အဆင့်မီစနစ်ကျသည့် စံသတ်မှတ်ချက်များရှိရန်လိုပြီး အတန်းပညာအရည်အချင်း အောင်မြင်မှုအဆင့်အလိုက် သင့်လျော်မှန်ကန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

သင်ယူထားသည့်အတန်းပညာအလိုက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာနှုန်းထားများ၊ ရာထူးအဆင့်အတန်းများ တိုးမြှင့်ပေးမှု မှန်ကန်မှသာ လူငယ်လူရွယ်များ မျှော်လင့်ချက်မြင့်မားပြီး မိဘများက ပညာရေးအားပေးကာ လူငယ်လူရွယ်များ ပညာကို ပိုမိုကြိုးစားအားထုတ်လာကြမည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးကို အားပေးမြှင့်တင်ကြရမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကို မှန်မှန်ကန်ကန် မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လိုအပ်လျက်ရှိသည့် စွမ်းရည်နှင့်စွမ်းအားရှိသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကျောင်းသင်ပညာရပ်များသာမက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပညာရပ်များ၊ အရည်အသွေးနှင့် အရည်အချင်းအလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများ သင်ကြားပေးလျက်ရှိသည်။

အတန်းပညာသတ်မှတ်ချက်သာမက အရည်အသွေးမြှင့်သင်တန်းများ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် သက်ဆိုင်ရာ လုပ်ငန်းများအတွက်ရော လူသားအရင်းအမြစ်များအတွက်ပါ အခွင့်အလမ်းနှင့်အာမခံချက်များ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။ သို့မှသာ နိုင်ငံအတွက် ကဏ္ဍပေါင်းစုံတွင် လိုအပ်လျက်ရှိသည့် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များဖြင့် မိမိတို့အကျိုးစီးပွားနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံသည် ပညာရေးကဏ္ဍ၌ အစိုးရဗဟိုပြုသည့် ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး တရားဝင်အသိအမှတ်ပြုသည့် ပညာတတ်များ မွေးထုတ်ပေးလျက်ရှိသည်။ ထို့ပြင် ဒီမိုကရေစီစနစ်နှင့်လျော်ညီစွာ ပုဂ္ဂလိကပညာရေးကဏ္ဍကိုလည်း မူဝါဒနှင့်အညီ အသိအမှတ်ပြုပေးလျက်ရှိသည်။

အစိုးရကျောင်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများသည် လူတန်းစားအမျိုးမျိုး၊ အလွှာအမျိုးမျိုးမှ တက်ရောက်သင်ကြားနေကြသူများဖြစ်သည်။ အဆိုပါ ကျောင်းသား ကျောင်းသူများသည် အခြေခံပညာကျောင်းများတွင် သင်ကြားပေးလိုက်သည့် အတန်းပညာရပ်များကို အမှန်တကယ်တတ်မြောက်ရန် လိုအပ်သကဲ့သို့ အထွေထွေဗဟုသုတနှင့် လူမှုဘဝအသိပညာများ တိုးတက်ရေးအတွက်လည်း သင်ကြားပေးရန်လိုသည်။ အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးကိုသာ အာရုံစိုက်သင်ကြားပေးခြင်းမဟုတ်ဘဲ အမှန်တကယ် ပညာတတ်မြောက်ရေးကို အလေးထားသင်ကြားပေးရန်လိုသည်။ အစိုးရကျောင်းများတွင် ပညာရေးကိုသာမက ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးအပါအဝင် လောကနီတိကိုပါ သင်ကြားပေးလျက်ရှိသည်။

အဆင့်မြင့်ပညာသင်ကြားရေးကဏ္ဍတွင်လည်း တက္ကသိုလ်၊ ကောလိပ်များ၌ သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို အမှန်တကယ် တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးရန်လိုသည်။ တက္ကသိုလ်များက လေ့လာမှုဖြင့် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်၍ အဆင့်မြင့်ပညာသင်ယူချိန်တွင် သတ်မှတ်ထားသည့် ပညာသင်နှစ်အလိုက် သင်ခန်းစာများနှင့် စာမေးပွဲရလဒ်များ၊ သုတေသနနှင့် စာတမ်းများ သတ်မှတ်ချက်အတိုင်းပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်တတ်မြောက်မှုကို စနစ်တကျကြပ်မတ်စစ်ဆေးရန်လိုသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များကို အမှန်တကယ်တတ်မြောက်ရေးသာမက အသိပညာဗဟုသုတများကြွယ်ဝစေရန် စာအုပ်စာပေများ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုရန်လိုသည်။

ထို့ကြောင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် စာအုပ်၊ စာစောင်များ အသက်အရွယ်၊ အဆင့်အတန်းအလိုက် ပညာရပ်အမျိုးမျိုးကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်သည့် အသိပညာဗဟုသုတများ ကြွယ်ဝသည့် စာအုပ်၊ စာပေများကို နှစ်စဉ်ဖြည့်ဆည်းပေးလျက်ရှိသည်။ အစိုးရပညာရေးကဏ္ဍ၌ ဖြည့်ဆည်းပေးလျက်ရှိသည့်နည်းတူ ပုဂ္ဂလိကကဏ္ဍတွင်လည်း မူဝါဒနှင့် ကိုက်ညီသည့် အသိပညာဗဟုသုတများ ကြွယ်ဝသော စာအုပ်၊ စာပေဖတ်ရှုနိုင်သည့် အခွင့်အလမ်းများနှင့် အလေ့အထများ ထွန်းကားလာအောင် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနအလိုက် အစိုးရပညာသင်ကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ကြိုးပမ်းဆောင်ရွက်ကြရာတွင် အဓိကလိုအပ်သည့် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များ ပေါ်ထွန်းပြီး လုပ်ငန်းခွင်အသီးသီး၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အစိုးရပညာရေးကဏ္ဍနှင့် ပုဂ္ဂလိကပညာရေးကဏ္ဍများအနေဖြင့် သတ်မှတ်ထားသော ပညာရေးအဆင့်အတန်းပြည့်စုံမှုအပြင် အသိပညာဗဟုသုတကြွယ်ဝသော ပညာတတ်များရရှိရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် **"အောက်တန်းကျ ရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကို သတ်ဖြတ်နေတဲ့အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၂၁-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၆၁၅,၈၉၂.၇၈ | ၉,၄၉၉,၄၅၁.၉၆ | ၄၆,၆၆၆,၃၄၆.၀၀ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၂,၄၆၇ | ၄၅,၆၁၀,၀၀၀ |
| MTSH | ၈,၅၀၀ | ၈,၆၀၀ | ၆၆၄ | ၅,၆၅၉,၉၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၅၀၀ | ၈၁ | ၁,၀၅၈,၅၀၀ |
| FPB | ၇,၀၀၀ | ၆,၈၀၀ | ၆၈ | ၄၇၅,၈၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၂၈ | ၈၉,၆၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၃,၈၈၂ | ၆,၉၉၆,၆၅၀ |
| AMATA | ၄,၄၀၀ | ၄,၅၀၀ | ၁၀၃ | ၄၆၀,၂၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၂,၁၂၂ | ၁၄,၀၀၅,၂၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၆,၅၀၀ | ၁၅ | ၉၇,၅၀၀ |
| ASPGB(PLB) | ၅,၆၀၀ | ၅,၈၀၀ | ၅,၅၅၄ | ၃၁,၅၉၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ လွှတ်တော် အမြဲတမ်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် သက်ဆိုင်ရာနယ်ပယ်အလိုက် အသိပညာရှင် အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက **"လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့"** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဒီဂျစ်တယ် နည်းပညာအသုံးပြု စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ထိုအထဲမှ အလုပ်လုပ်သူများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတွင် အလုပ်လုပ်ကိုင်နေကြသူများ ဖြစ်ကြောင်း၊ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် ဆင်းရဲနွမ်းပါးမှု ရှိနေသည်ဟု သုံးသပ်ထားကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးသည် အရေးကြီးသည်မှာ ပေါ်လွင်နေကြောင်း၊ မိရိုးဖလာလုပ်ဆောင်နေကြသည့် စိုက်ပျိုးမွေးမြူရေးကို စနစ်တကျပြောင်းလဲဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင် တန်ဖိုးမြင့်ထုတ်ကုန်များရရှိအောင် ဆောင်ရွက်နိုင်မှသာ ဝင်ငွေပိုမိုရရှိစေမည် ဖြစ်ကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲ၏ခေါင်းစဉ်ကို ပြန်ကြည့်မည်ဆိုပါက **"လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့"** ဟူသည့် ရည်မှန်းချက်သည် လယ်ယာကဏ္ဍတစ်ခုတည်းကို ဖွံ့ဖြိုးတိုးတက်စေရန် ပြောကြားခြင်းမဟုတ်ဘဲ လယ်ယာထွက်ကုန်မှ ကုန်ကြမ်း၊ ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်၊ တန်ဖိုးမြင့်ထုတ်ကုန်မှ စက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်အထိ **တန်ဖိုးကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေး**ကို ရည်မှန်းသည့် မူဝါဒဦးတည်ချက် တစ်ရပ်လည်း ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ရာတွင် ကဏ္ဍတစ်ခုချင်းစီကို သီးခြားခွဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရုံဖြင့် မလုံလောက်ကြောင်း၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ နည်းပညာကဏ္ဍနှင့် ဈေးကွက်ရရှိရေးတို့အကြား အပြန်အလှန်ချိတ်ဆက်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး ယခင်တန်ဖိုးထက် ပိုမိုမြင့်မားလာအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် ယနေ့ဆွေးနွေးပွဲ၏ အဓိကမေးခွန်းသည် **"လယ်ယာထွက်ကုန် မည်မျှပိုထွက်အောင် လုပ်မလဲ"** ဆိုသည့် မေးခွန်းတစ်ခုတည်းမဟုတ်ဘဲ **"ထွက်ရှိလာသည့် လယ်ယာထွက်ကုန်များ၏ တန်ဖိုးကို မည်ကဲ့သို့မြှင့်တင်ပြီး နိုင်ငံ့ထုတ်ကုန်အဖြစ် မည်သို့ပြောင်းလဲမည်လဲ"** ဆိုသည်ပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံး ကဏ္ဍတစ်ရပ် ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် စားနပ်ရိက္ခာ ထုတ်လုပ်ပေးသည့် ကဏ္ဍတစ်ခုသာမက စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ပံ့ပိုးပေးနိုင်သည့်ကဏ္ဍလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးထုတ်လုပ်မှုပမာဏ တိုးမြှင့်ရေးအဖြစ်သာ မမြင်သင့်ကြောင်း၊ **ထုတ်လုပ်မှု →ကုန်ကြမ်း→ပြုပြင်ထုတ်လုပ်မှု → တန်ဖိုးမြင့်ထုတ်ကုန် →စက်မှုလုပ်ငန်း → ပြည်တွင်းစားသုံးမှု →ပြည်ပပို့ကုန်** ဆိုသည့် တန်ဖိုးကွင်းဆက်တစ်ခုလုံးကို တစ်ဆက်တည်းစဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်မှသာ တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်၊ ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းလာမည်၊ ပို့ကုန်တိုးတက်လာမည်၊ နောက်ဆုံးတွင် နိုင်ငံ့ထုတ်ကုန်နှင့် နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း။

အလျဉ်းသင့်သဖြင့် မိမိတို့နိုင်ငံ၏ ပထဝီအနေအထားအရ မဟာဗျူဟာမြောက် တည်ရှိနေမှုကိုလည်း တင်ပြလိုကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မဟာဗျူဟာအရ အချက်အချာ ကျသည့်အပြင် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးနှစ်နိုင်ငံကြားတွင်တည်ရှိပြီး ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်နေထိုင်သည့် **Valeriepieris Circle** အတွင်းတွင် တည်ရှိခြင်းကြောင့် အနီးအနားနိုင်ငံများ အပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးကွက်ကြီးများသို့ လယ်ယာနှင့် မွေးမြူရေးထွက်ကုန်များကို တိုးမြှင့်ထုတ်လုပ်ပြီး တင်ပို့နိုင်မည့်အလားအလာကောင်းများ ရှိနေကြောင်း၊ အနောက်ဘက်တွင် လူဦးရေသန်း ၁၄၃၀ ကျော်ခန့် ရှိသည့် အိန္ဒိယ၊ လူဦးရေ ၁၇၃ သန်းခန့် ရှိသည့် ဘင်္ဂလားဒေ့ရှ်၊ အရှေ့ဘက်တွင် လူဦးရေသန်း ၁၄၁၀ ကျော် ရှိသည့် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေကြောင်း၊ ထို့အပြင် ရာသီဥတုနှင့် မြေဆီလွှာကောင်းမွန်မှု၊ ကျယ်ပြန့်သည့် စိုက်ပျိုးမြေများ၊ ရှည်လျားသည့် ကမ်းရိုးတန်းနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုတို့သည် မိမိတို့နိုင်ငံ၏ အားသာချက်များ ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့သဘာဝနှင့် ပထဝီအနေအထားအရ ရရှိထားသည့်အားသာချက်များကို ထိရောက်စွာအသုံးချပြီး ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအပြင် အရည်အသွေးမြင့် လယ်ယာထွက်ကုန်များ ထုတ်လုပ်ကာ ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များကို ထိုးဖောက်နိုင်ရေးကို အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးသည်မှာ သဘာဝအားသာချက်ရှိခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးလာမည်မဟုတ်ကြောင်း၊ အဆိုပါအားသာချက်ကို ကုန်ထုတ်စွမ်းအား၊ အရည်အသွေး၊ နည်းပညာ၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအဖြစ် ပြောင်းလဲနိုင်မှသာ နိုင်ငံ့စီးပွားရေးအတွက် အကျိုးရှိမည် ဖြစ်ကြောင်း။

လက်ရှိကာလတွင် အခြေခံစားသောက်ကုန် ဈေးနှုန်းများ မြင့်တက်နေခြင်းသည် ပြည်သူများ၏ နေ့စဉ်ဘဝအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းသည် အဓိကအားဖြင့် အကြောင်းအရာ နှစ်ခုရှိကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်မှုတို့ကြောင့်သာ ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် စရိတ်စကများပြားမှုကြောင့်လည်း ပါကြောင်း၊ အဆိုပါအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် လယ်ယာထုတ်လုပ်မှုပမာဏကို သိသိသာသာမြှင့်တင်ပြီး ပြည်တွင်းစားနပ်ရိက္ခာလုံလောက်စွာရရှိကာ ကုန်ဈေးနှုန်းများကို အများပြည်သူ တတ်နိုင်သည့်အဆင့်အထိ လျှော့ချနိုင်ရန် လိုအပ်ကြောင်း၊ ဥပမာအားဖြင့် ဥ၊ အသား၊ ငါး ထုတ်လုပ်မှုသည် စားသုံးမှုအတွက် မပြည့်မီကြောင်း။

ဤနေရာတွင် ဗီယက်နမ်နိုင်ငံကို ဥပမာပေးလိုကြောင်း၊ ဗီယက်နမ်နိုင်ငံသည် အကျယ်အဝန်းအားဖြင့် မြန်မာနိုင်ငံ၏ ထက်ဝက်မျှသာရှိပြီး လူဦးရေနှစ်ဆများကြောင်း၊ နိုင်ငံ၏ သုံးပုံနှစ်ပုံသည် တောင်ကုန်းဒေသများဖြစ်ကြောင်း၊ သို့သော် လယ်ယာကဏ္ဍတွင် ဆန်ပြည်ပတင်ပို့မှုတန်ချိန် ရှစ်သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်၊ ကော်ဖီတန်ချိန် တစ်သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်၊ ငရုတ်ကောင်းတန်ချိန် သုည ဒသမ ၂၄ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရှိသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း လယ်ယာထုတ်ကုန်များ တိုးမြှင့်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များထဲတွင် လယ်ယာထွက်ကုန်များသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၄၁ ဘီလီယံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၃ ဘီလီယံ တင်ပို့နိုင်ခဲ့ကြောင်း။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ပါက အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သီးထပ်စွမ်းအား (Cropping Intensity) မြှင့်တင်နိုင်ပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့်အထိ ပိုမိုရရှိနိုင်သည်ကို တွက်ချက်ရရှိကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍကို သမားရိုးကျ ထုတ်လုပ်မှုစနစ်မှ ခေတ်မီ၊ ထိရောက်ပြီး ရေရှည်တည်တံ့သည့် ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားရေး တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးကြီးသည့် ပထမခြေလှမ်းလည်း ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အနုပညာရှင်များက "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့" အစီအစဉ်ဖြင့် သရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြစဉ်။

☆ စာမျက်နှာ ၃ မှ

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကို မကြည့်ဘဲ **စားရေရိက္ခာဖူလုံရေး**ကိုလည်း အခြေခံမူဝါဒ တစ်ရပ်အဖြစ်ထားရှိရန်လိုကြောင်း၊ လက်ရှိကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံခန့်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ၁၀ ဘီလီယံအထိ တိုးလာနိုင်ခြင်းကြောင့်အနာဂတ်တွင်စားရေရိက္ခာလိုအပ်ချက် ပိုမိုမြင့်မားလာမည်ဖြစ်မှာ အသေအချာပင်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများ၊ ဒေသတွင်းပဋိပက္ခများ၊ ကုန်သွယ်ရေးလမ်းကြောင်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်မှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ကမ္ဘာ့စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများ ပိုမိုကြီးမားလာနိုင်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားရေရိက္ခာဖူလုံရေးကို အာမခံနိုင်ရုံသာမက မိမိတို့နိုင်ငံ၏စိုက်ပျိုးရေး အလားအလာကို အသုံးချပြီး ဒေသတွင်းနှင့် ကမ္ဘာ့စားရေရိက္ခာဈေးကွက်တွင် အရေးပါသည့် ထုတ်လုပ်သူနှင့် တင်ပို့သူနိုင်ငံအဖြစ်၊ တစ်နည်းအားဖြင့် **“ကမ္ဘာ့စပါးကျီ”** နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ဖော်ဆောင်နိုင်ရေး ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့်ဆန်စပါးကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့်အတူ အရည်အသွေးကောင်းမွန်သည့်ဆန်များထုတ်လုပ်ပြီး ပိုလျှံထွက်ရှိမှုကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်သွားကြရမည်၊ **“မြန်မာ့ပေါ်ဆန်း တစ်ခေတ် ဆန်းရမည်”** ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် အထွက်နှုန်းသာမက အရည်အသွေး၊ စံချိန်စံညွှန်း၊ သိုလှောင်မှု၊ ကြိတ်ခွဲမှု၊ ထုပ်ပိုးမှုနှင့် ဈေးကွက်ချိတ်ဆက်မှုအထိ တစ်ဆက်တည်း မြှင့်တင်ရမည်၊ အရောင်အဆင်း၊ အနံ့၊ အရသာသည် ဈေးကွက်တွင် လိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် သီးနှံသည် အရောင်အဆင်းလှမည်၊ အနံ့အရသာနှင့် ပြည့်စုံမည်ဆိုပါက ဝယ်ယူသူအကြိုက်ဖြစ်သဖြင့် ရောင်းအားတက်လာမည်ဖြစ်ကြောင်း၊ အလားတူစွာပင် ပို့ကုန် ဈေးကွက်တွင်လည်း **“ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်”** ဆိုသည့် ဈေးကွက်ယှဉ်ပြိုင်ရေးအခြေခံ သဘောတရားကို လက်တွေ့ ကျင့်သုံးနိုင်ရန်လိုကြောင်း၊ ထုတ်လုပ်သူ၊ ရောင်းချသူများသည် လူ့သဘာဝအရ အကျိုးအမြတ် ရယူလိုကြောင်း၊ အမြတ်များများ ရရှိရေးထက် အမြတ်နည်းနည်းဖြင့် ပစ္စည်းများများ ရောင်းချနိုင်ရေးကို အထက်ကဆိုခဲ့သည့် အခြေခံသဘောတရားနှင့် ဆောင်ရွက်စေလိုကြောင်း၊ တရုတ်နိုင်ငံသည် အဆိုပါနည်းဖြင့် တိုင်းပြည်ကို ခေတ္တစ္စာကြွယ်ဝအောင် စတင်လုပ်ခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ ပြည်တွင်းစားသုံးဆီဖူလုံရေးသည်လည်း ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားဘဝနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်နှင့် ဆီအုန်းတို့ကဲ့သို့ ဆီထွက်သီးနှံများကို ဒေသအလိုက် သင့်လျော်သည့် သီးနှံရွေးချယ်မှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် စနစ်တကျ တိုးချဲ့စိုက်ပျိုးရန် လိုအပ်ပါကြောင်း၊ ယင်းနေရာတွင် ထုတ်လုပ်မှုပမာဏ တိုးတက်ရေး တစ်ခုတည်းကို မကြည့်ဘဲ **ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ပြည်သူများ၏ ဝယ်ယူနိုင်စွမ်း**တို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ အခွင့်ကြုံခိုက် တင်ပြရမည်ဆိုပါက ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် Food and Fertilizer Technology Center for the Asian and Pacific Region (FFTC-AP) အဖွဲ့အစည်းက နေပြည်တော်ရှိ အိမ်ထောင်စု ၂၂၀ ကို ကောက်ယူခဲ့သည့် စစ်တမ်းအရ အိမ်ထောင်စုတစ်စုသည် လစဉ်ဝင်ငွေ၏ ၆၃ ရာခိုင်နှုန်းကို အစားအသောက်အတွက် သုံးစွဲနေရပြီး ဆန်နှင့် ဆီသည် ကုန်ကျစရိတ်အများဆုံးဖြစ်ပါကြောင်း၊ ဆန်အတွက် ၁၇ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဆီအတွက် ၁၃ ဒသမ ၁၆ ရာခိုင်နှုန်း အသီးသီး သုံးစွဲနေရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံလူတန်းစားပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာသည့် စားအုန်းဆီကို ပိုမိုအားထား စားသုံးနေကြရခြင်း ဖြစ်ကြောင်း၊ ပြည်တွင်း၌ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ ထုတ်လုပ်နေသော်လည်း ပြည်သူများ၏ ဝယ်ယူနိုင်စွမ်းနှင့် ထုတ်လုပ်မှုစရိတ်မကိုက်ညီခြင်း၊ ဈေးကွက်ဝယ်လိုအားနှင့်ပြည်တွင်းထုတ်လုပ်မှု မျှတမှုမရှိခြင်းတို့ကြောင့် ပြည်တွင်းဖြစ်ဆီများကို အပြည့်အဝ အသုံးမပြုနိုင်သေးသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။

ထို့ကြောင့် ပြည်တွင်းလိုအပ်ချက်နှင့် ကိုက်ညီအောင် ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချခြင်း၊ စားအုန်းဆီ တင်သွင်းမှုကို အဆင့်လိုက်လျှော့ချခြင်းနှင့် ပြည်သူများ ဝယ်ယူနိုင်သည့် ဈေးနှုန်းဖြစ်စေရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေတို၊ ရေရှည် အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများကိုလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးသွားကြရန် တိုက်တွန်းလိုပါကြောင်း။

စီးပွားဖြစ်လယ်ယာမှ ထွက်ရှိလာသည့် ထုတ်ကုန်အများစုသည် မူလကုန်ကြမ်းအဆင့်၌ပင်ရှိနေမည်ဆိုပါက တန်ဖိုးဖန်တီးနိုင်မှုသည် အကန့်အသတ်ရှိနေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ Agro-based Industries များကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်ကို ကုန်ကြမ်းအဖြစ် ရောင်းချသည်ထက် ကြိတ်ခွဲခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေး မြှင့်တင်ခြင်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဆန်ကွဲတင်ပို့ခြင်းအစား အရည်အသွေးကောင်းသည့် ဆန်များတင်ပို့ရောင်းချခြင်း၊ အရည်အသွေးကောင်းသည့်ပဲများ တင်ပို့ရောင်းချခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပဲစက်၊ ဆန်စက်များကိုလည်း အဆင့်မီအောင် ပြုပြင်ပြီး ဆီထွက်သီးနှံများ ပြည်ပသို့ ရောင်းမည့်အစား ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ပြီး ပြည်တွင်း၌ပင် ဆီကြိတ် ထုတ်လုပ်ရောင်းချခြင်းဖြင့် ပဲကြိတ်ဖတ်များ၊ နှမ်းကြိတ်ဖတ်များသည် တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ ပြည်တွင်းဆီဖူလုံမှုကိုလည်း များစွာ အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်မည်ဆိုပါက တောင်သူများ၏ ထုတ်ကုန်တန်ဖိုး တိုးတက်လာမည်ဖြစ်သကဲ့သို့ စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ၊ သွင်းကုန် အစားထိုးလုပ်ငန်းများ၊ ပို့ကုန်ဦးတည်သည့် စက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အကြီးစား Agro-based Industries များကိုဒေသအလိုက်အားပေးဖော်ဆောင်ရန် လိုအပ်ကြောင်း၊ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသည့် ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် ယင်းကဏ္ဍသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း။

Agro-based Industry ဖွံ့ဖြိုးတိုးတက်ရေးတွင် အရည်အသွေးကောင်းသည့် ကုန်ကြမ်းရရှိရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရော်ဘာ၊ ဝါ၊ ဝါး၊ ကော်ဖီ၊ ထောပတ်၊ သစ်သီးဝလံနှင့် အခြားဒေသအလိုက် အားသာချက်ရှိသည့် သီးနှံများကို ထုတ်လုပ်မှုပမာဏသာမက အရည်အသွေးနှင့် တန်ဖိုးမြှင့် ထုတ်လုပ်မှုအထိ စဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝါနှင့်ပတ်သက်၍ ဥပမာပေးရမည်ဆိုပါက ဝါစိုက်ပျိုးမှုမှ ဝါဂွမ်း၊ ချည်၊ ချည်ထည်နှင့် အဝတ်အထည်အထိ တန်ဖိုးကွင်းဆက် တစ်ခုလုံးဖော်ဆောင်နိုင်ရန် လိုကြောင်း၊ ဝါးကိုလည်း ရိုးရာအသုံးပြုမှုအဆင့်မှာသာ မထားဘဲ စက္ကူ၊ ပရိဘောဂနှင့် အခြားတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကို အလေးထား ဆောင်ရွက်သင့်ကြောင်း၊ အလားတူ ကော်ဖီ၊ သီဟိုဠ်၊ သရက်၊ ဒူးရင်း၊ ထောပတ်၊ ပိန်းဥ၊ ငှက်ပျော စသည့် ပြည်ပဈေးကွက် အလားအလာရှိသည့် ထုတ်ကုန်များကိုလည်း တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ပြီး အရည်အသွေး၊ စံချိန်စံညွှန်း၊ ထုပ်ပိုးမှုနှင့် အမှတ်တံဆိပ် ဖော်ဆောင်ရေးအထိ တစ်ဆက်တည်းဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လုပ်နိုင်သည်ထက် ရောင်းချနိုင်သည့် ထုတ်ကုန်ဖြစ်စေရေး၊ ရောင်းနိုင်သည်ထက် တန်ဖိုးမြင့်သည့် ထုတ်ကုန်ဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။





| သီးနှံအမည် | စိုက်ဧရိယာ(ဧက) | ပန်းတိုင်အထွက် တင်းပေါင်း | (၁) ဧက အမှန် ထွက်နှုန်း (တင်း) | အမှန်အထွက် တင်းပေါင်း | ပန်းတိုင် အထွက်နှုန်းနှင့် ခြားနားချက် | ပန်းတိုင်အရ လျော့နည်းငွေ (ကျပ်သန်း) |
|---|---|---|---|---|---|---|
| မိုးစပါး | ၁၄,၇၆၉,၈၁၁ | ၁,၄၇၆,၉၈၁,၁၀၀ | ၈၀.၉၇ | ၁,၁၉၅,၉၀၀,၈၁၂ | ၂၈၁,၀၇၉,၂၇၉ | ၆,၁၈၃,၇၄၄ |
| နွေစပါး | ၂,၇၀၇,၅၃၈ | ၂၉၇,၈၂၉,၁၈၀ | ၁၀၆.၃၈ | ၂၈၈,၀၃၁,၄၂၂ | ၉,၇၉၇,၇၅၈ | ၂၁၅,၅၅၁ |
| ပေါင်း | ၁၇,၄၇၇,၃၄၉ | ၁,၇၇၄,၈၁၀,၂၈၀ | ၈၄.၉၁ | ၁,၄၈၃,၉၃၂,၂၃၄ | ၂၉၀,၈၇၇,၀၃၇ | ၆,၃၉၉,၂၉၅ |



❖ **စီးပွားဖြစ်လယ်ယာမှ ထွက်ရှိလာသည့် ထုတ်ကုန်အများစုသည် မူလကုန်ကြမ်းအဆင့်၌ပင် ရှိနေမည်ဆိုပါက တန်ဖိုးဖန်တီးနိုင်မှုသည် အကန့်အသတ်ရှိနေမည်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ Agro-based Industries များကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်**

❖ **လယ်ယာထွက်ကုန်ကို ကုန်ကြမ်းအဖြစ်ရောင်းချသည်ထက် ကြိတ်ခွဲခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ရမည်**

❖ **လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပို့ကုန်ဦးတည်သည့်စက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အကြီးစား Agro-based Industries များကို ဒေသအလိုက်အားပေးဖော်ဆောင်ရန်လိုအပ်**

☆ စာမျက်နှာ ၄ မှ

လယ်ယာကဏ္ဍ ဟူသည်မှာ စိုက်ပျိုးရေးတစ်ခုတည်း မဟုတ်ဘဲ မွေးမြူရေး ကဏ္ဍနှင့်လည်း ပေါင်းစပ် စဉ်းစားရမည်ဖြစ်ကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် အခြားမွေးမြူရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုစနစ်၊ အစာစရိတ်၊ မွေးမြူရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို တိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ယင်း လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရာတွင် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုသည် အဓိက လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ ခေတ်သစ်လယ်ယာ ကဏ္ဍ အသွင်ကူးပြောင်းရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် Agro-based Industries တည်ထောင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများကို အစိုးရဘဏ္ဍာငွေ၊ ပုဂ္ဂလိက ဘဏ္ဍာငွေနှင့် ပြည်သူများ၏ ရင်းနှီးမြှုပ်နှံမှုတို့ ပေါင်းစပ်ပြီး ဖြည့်ဆည်းပေးနိုင်ရေး လိုအပ်ပါကြောင်း၊ ယင်းအတွက် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ အနေဖြင့်လည်း လယ်ယာကဏ္ဍ၏ ရာသီအလိုက် ဝင်ငွေစီးဆင်းမှု၊ ထုတ်လုပ်မှု စက်ဝန်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို ထည့်သွင်းစဉ်းစားပြီး လက်တွေ့အသုံးဝင်သည့်ငွေကြေး ဝန်ဆောင်မှုများ ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဒေသတစ်ခုချင်းစီတွင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ မြေဆီလွှာနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိုယ်ပိုင်အားသာချက်များ ရှိကြောင်း၊ ထို့ကြောင့် **One Region One Product – OROP** ကဲ့သို့ ဒေသအလိုက် အားသာချက်ရှိသည့် ထုတ်ကုန်မျိုးတွေကို ရွေးချယ်ပြီး အရည်အသွေး မြှင့်တင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ အမှတ်တံဆိပ် ဖော်ဆောင်ခြင်းနှင့် ပြည်တွင်း/ ပြည်ပဈေးကွက် ချိတ်ဆက်ခြင်းများကို စနစ်တကျ ဆောင်ရွက်နိုင်ပါကြောင်း၊ ယင်းသည် ဒေသဖွံ့ဖြိုးရေးကို အောက်ခြေအဆင့်ကနေ စတင်ပြီး အမျိုးသားစီးပွားရေးနဲ့ ချိတ်ဆက်ပေးနိုင်မည့် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း။

ယခု အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်သည် အခြေအနေများကို ဆန်းစစ်လေ့လာ သုံးသပ်သည့် ဆွေးနွေးပွဲဖြင့်ပင် ရပ်တန့်သွားမည်မဟုတ်ကြောင်း၊ **လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် မူဝါဒနှင့် လုပ်ငန်းစီမံချက်များ ထွက်ပေါ်လာရန်ဖြစ်ကြောင်း၊** ထို့ကြောင့် ယနေ့ ဆွေးနွေးမှုတွင်– **ဘာတွေဖြစ်နေသလဲ** ဆိုသည်ထက် **ဘာတွေကို ဦးစားပေးလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ၊ ဘယ်သူတွေက ဦးဆောင်မလဲ၊ ဘယ်အချိန်အတွင်း ပြီးစီးအောင်လုပ်မလဲ၊ ဘယ်လို အရင်းအမြစ်များဖြင့် ဆောင်ရွက်မလဲ** ဆိုသည်များကို ပိုမိုအလေးထား ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း။

အထူးသဖြင့် ဆွေးနွေးပွဲရလဒ် အနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများ၊ မဟာဗျူဟာ လုပ်ငန်းစဉ်များ၊ နှစ်တို၊ နှစ်လတ် လုပ်ငန်းစီမံချက်များ၊ တာဝန်ယူ ဆောင်ရွက်မည့် အဖွဲ့အစည်းများ၊ လိုအပ်မည့် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များ၊ ဈေးကွက်နှင့် ပို့ကုန် ချိတ်ဆက်ရေး နည်းလမ်းများ၊ အကောင်အထည်ဖော်မှုကို စောင့်ကြည့်တိုင်းတာမည့် နည်းလမ်းများအထိ တိတိကျကျ ဖော်ထုတ်နိုင်ရန် လိုအပ်ပါကြောင်း။

ယင်းရည်မှန်းချက်ကို အစိုးရတစ်ဖွဲ့တည်းဖြင့် အောင်မြင်အောင် ဆောင်ရွက်၍ မရကြောင်း၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကကဏ္ဍ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ နည်းပညာရှင်များနှင့် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် **အစိုးရမှ မူဝါဒနှင့် ပတ်ဝန်းကျင်ကောင်းဖန်တီးပေးခြင်း၊ ပုဂ္ဂလိကက ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာကို ဆောင်ရွက်ခြင်း၊ တောင်သူက အရည်အသွေးရှိသည့် ကုန်ကြမ်းထုတ်လုပ်ခြင်း၊ သုတေသနနှင့် ပညာရေးကဏ္ဍမှ နည်းပညာနှင့် အသိပညာ ဖြည့်ဆည်းပေးခြင်း** ဟူသည့် အပြန်အလှန်အားဖြည့်သည့်စနစ်တစ်ရပ်ကို တည်ဆောက်ရန် လိုကြောင်း၊ ယင်းသည် Public–Private Partnership ကို အခြေခံပြီး လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍကို ချိတ်ဆက်ဖော်ဆောင်ခြင်းဖြစ်ကြောင်း။

ယနေ့ ဆွေးနွေးပွဲ ကို တက်ရောက်လာကြသည့် ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် မြေပြင်လက်တွေ့ အခြေအနေများကို အခြေခံပြီး ပွင့်ပွင့်လင်းလင်း အကြံပြု ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် **“ဘာဖြစ်နေသလဲ” ဆိုတာထက် “ဘာကို ဘယ်လို ပြောင်းလဲမလဲ”၊ “ဘယ်အချိန်မှာ ဘယ်သူက ဘယ်လို အကောင်အထည်ဖော်မလဲ”** ဟူသည့် လက်တွေ့ကျသည့် ဖြေရှင်းချက်များ ထွက်ပေါ်လာရန် အလေးထား ဆွေးနွေးသွားကြစေလိုကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုချက်များ၊ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံချက်များသည် စာတမ်းများအဖြစ်သာ ကျန်ရှိမနေဘဲ လက်တွေ့အကောင်အထည်ဖော်နိုင်သည့် မူဝါဒနှင့် Action Plan များအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာ့လယ်ယာကဏ္ဍသည် ခေတ်မီပြီး ကုန်ထုတ်စွမ်းအားမြင့်မားသည့် ကဏ္ဍတစ်ရပ်အဖြစ် ပြောင်းလဲလာမည်ဖြစ်သကဲ့သို့ လယ်ယာအခြေပြု စက်မှုလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်တွင်းထုတ်လုပ်မှုတို့ တိုးတက်လာပြီး နိုင်ငံ့ထုတ်ကုန်နှင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အင်အားပြည့် မောင်းနှင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှုရှိရန် လိုအပ်နေဆဲဖြစ်သဖြင့် မိမိအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်အကြံဉာဏ်များကို ပေးလျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ မိမိလေ့လာတွေ့ရှိသမျှ ဆောင်ရွက်ရန်ရှိသည်များအား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများကို အမြဲမပြတ်ဆွေးနွေးမှာကြား တိုက်တွန်းဆောင်ရွက်စေလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၌ လက်ရှိ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧက စုစုပေါင်း ၁၇ ဒသမ ၄ သန်းရှိခဲ့ပြီး ရိတ်သိမ်းဧက ၁၇ ဒသမ ၄ သန်းရှိကြောင်း၊ သို့သော် အဆိုပါ ရိတ်သိမ်းဧကများမှ ရရှိခဲ့သည့် ပျမ်းမျှအထွက်နှုန်းမှာ ၈၅ တင်းခန့်သာရှိသည်ကို တွေ့ရကြောင်း၊ အဆိုပါ အထွက်နှုန်းအပေါ် မူတည်ပြီး ကာလပေါက်ဈေးဖြင့် တွက်ချက်မည်ဆိုပါက ရရှိမည့် ငွေသည် ၁၄၈၄ သန်းနီးပါးဖြစ်ကြောင်း၊ အကယ်၍ ပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက လက်ရှိရရှိနေသည့် ပမာဏထက် အမေရိကန် ဒေါ်လာ ၃ ဘီလီယံခန့် တိုးမြှင့်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သီးထပ်စိုက်ပျိုးနိုင်မည် ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့် ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် စပါးတစ်မျိုးတည်းကိုသာ အာရုံစိုက် ဆောင်ရွက်ရမည်မဟုတ်ဘဲ၊ နိုင်ငံတော်အနေဖြင့် အားပေးစိုက်ပျိုးလျက်ရှိသည့် သီးနှံ ကိုးမျိုးကိုလည်း သက်ဆိုင်ရာဒေသများ၏ ရာသီဥတုနှင့် မြေအမျိုးအစားအလိုက် သင့်လျော်သည့်နေရာများတွင် တိုးမြှင့်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

အဆိုပါ သီးနှံများကိုလည်း သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိအောင် ရည်မှန်းချက်ထားပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် ပို့ကုန်ရငွေသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံခန့် ပိုမိုရရှိလာနိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် သီးနှံတစ်မျိုးချင်းအလိုက် ဆန်းစစ်ကြည့်မည်ဆိုပါက ဆန်၊ စပါး ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံခန့် နစ်နာဆုံးရှုံးမှုများ ရှိနေသကဲ့သို့ အခြားသီးနှံ ကိုးမျိုးတွင်လည်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံခန့်ဆုံးရှုံးမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း လူတစ်ဦး၏ နေ့စဉ်စားသောက်မှုတွင် ဆန်သည် အရေးကြီးသကဲ့သို့၊ စားသုံးဆီသည်လည်း မရှိမဖြစ်အရေးပါသည့် အစားအစာတစ်ခုဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ သန်းကျော်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ အကြံပြုထားသည့် စားသုံးမှုနှုန်းထားအတိုင်း တွက်ချက်ကြည့်မည် ဆိုပါက လက်ရှိထုတ်လုပ်မှုနှင့် စားသုံးမှု အခြေအနေကို သေချာစွာ ပြန်လည်ဆန်းစစ်ရန် လိုအပ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူတစ်ဦးလျှင် တစ်နှစ်ကို ခြောက်ပိဿာ စားသုံးမည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်သည် တန်ချိန် ငါးသိန်းခန့် ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ဆီထုတ်လုပ်မှု အခြေအနေကိုလည်း ပြန်လည်ဆန်းစစ်ကြည့်ရန်လိုကြောင်း၊ ၂၀၂၄–၂၀၂၅ ခုနှစ် စာရင်းအချက်အလက်များအရ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်နှင့် ဆီအုန်းစသည့် ဆီထွက်သီးနှံများမှ စုစုပေါင်း ဆီတန်ချိန် တစ်သန်းကျော် ထွက်ရှိနိုင်ကြောင်း၊ စာရင်းဇယားများအရ ထွက်ရှိသည့် ဆီပမာဏနှင့် ပြည်တွင်းစားသုံးမှုကို ချိန်ထိုးတွက်ချက်ကြည့်မည် ဆိုပါက လုံလောက်ရုံမက ပိုလျှံနေသင့်သည့် အခြေအနေကို တွေ့ရမည်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ကိုပြည့်မီပါက များစွာပိုလျှံနေမည်ဖြစ်ကြောင်း၊ ထည့်သွင်းစဉ်းစားရမည်မှာ မြေပဲ၊ နှမ်းတို့မှာ မိရိုးဖလာ စားသုံးသူရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေအမြောက်အမြား အသုံးပြုပြီး တစ်နှစ်ကို စားအုန်းဆီတန်ချိန် ၅၅၀၀၀၀ ကနေ ၆၅၀၀၀၀ အတွင်း ပြည်ပမှ တင်သွင်းပေးနေရသည်ကို တွေ့ရကြောင်း။

အလားတူ မိမိအနေဖြင့် အစောပိုင်းတွင် တင်ပြခဲ့သည့် ဆန်စပါးကဏ္ဍကိုလည်း ပြန်လည်ကြည့်ရှုရန်လိုကြောင်း၊ ဆန်စပါးကို ကြိတ်ခွဲထုတ်လုပ်မည် ဆိုပါက ဆန်အပြင် ထွက်ရှိလာသည့် ဖွဲနု၊ ဖွဲကြမ်း၊ ဆန်ကွဲနှင့် စပါးခွံများကိုလည်း ပြည်တွင်း၌ ပြန်လည်အသုံးချနိုင်မည်ဖြစ်ကြောင်း၊

စာမျက်နှာ ၆ သို့ ☆

## ဆီ ဖူလုံမှု အခြေအနေ

| သီးနှံအမည် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း (တင်း/ဧက) | အထွက် (တင်း) | ထွက်ရှိသည့် ဆီပမာဏ(တန်) |
|---|---|---|---|---|---|
| မြေပဲ | ၃,၃၉၀,၄၂၉ | ၃,၃၈၉,၄၃၄ | ၅၇.၇၄ | ၁၉၅,၇၀၄,၈၅၃ | ၅၀၈,၇၉၉ |
| နှမ်း | ၄,၁၀၃,၄၄၄ | ၄,၁၀၃,၀၇၄ | ၁၀.၂၁ | ၄၁,၉၀၃,၇၀၉ | ၃၇၆,၇၉၄ |
| နေကြာ | ၁,၀၈၇,၄၇၀ | ၁,၀၈၇,၄၆၆ | ၂၃.၇၀ | ၂၅,၇၆၉,၅၄၈ | ၉၆,၇၂၇ |
| မုန်ညင်း | ၈၃,၁၃၀ | ၈၃,၁၃၀ | ၉.၈၈ | ၁,၄၀၁,၁၆၁ | ၁၀,၄၇၀ |
| ပန်းနှမ်း | ၃၀၂,၃၀၁ | ၃၀၂,၃၀၁ | ၁၀.၈၀ | ၃,၂၆၄,၂၁၁ | ၂၆,၉၂၅ |
| ဆီအုန်း | ၃၉၆,၈၆၅ | ၁၇၈,၄၆၃ | ၃.၄၆ | ၆၁၇,၉၇၉ | ၈၉,၄၂၄ |
| ပဲပုပ် | ၄၃၂,၆၁၃ | ၄၃၂,၅၆၂ | ၂၀.၁၁ | ၈,၆၉၈,၈၂၂ | ၄၂,၆၁၄ |
| စုစုပေါင်း | ၉,၃၆၃,၆၃၉ | ၉,၁၄၃,၈၆၈ | | | ၁,၁၅၁,၇၅၃ |

❖ **ခေတ်သစ်လယ်ယာကဏ္ဍ အသွင်ကူးပြောင်းရေး၊** MSME **ဖွံ့ဖြိုးတိုးတက်ရေးနှင့်** Agro-based Industries **တည်ထောင်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများကို အစိုးရဘဏ္ဍာငွေ၊ ပုဂ္ဂလိကဘဏ္ဍာငွေနှင့် ပြည်သူများ၏ ရင်းနှီးမြှုပ်နှံမှုတို့ ပေါင်းစပ်ပြီး ဖြည့်ဆည်းပေးနိုင်ရေး လိုအပ်**

❖ **ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့်လည်း လယ်ယာကဏ္ဍ၏ ရာသီအလိုက် ဝင်ငွေစီးဆင်းမှု၊ ထုတ်လုပ်မှုစက်ဝန်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို ထည့်သွင်းစဉ်းစားပြီး လက်တွေ့အသုံးဝင်သည့် ငွေကြေးဝန်ဆောင်မှုများ ဖော်ဆောင်ပေးရန် လိုအပ်**

## အသား/ ဥ ဖူလုံမှု

မြို့ပေါ်လူဦးရေ - ၁၅ သန်း

| အမျိုးအစား | အရေအတွက် |
|---|---|
| ဥစားကြက် | ၂၂,၈၃၉,၁၉၉ |
| အသားစားကြက် | ၂၃,၃၈၆,၂၉၆ |
| ဥစားဘဲ | ၁,၃၇၂,၂၁၉ |
| အသားစားဘဲ | ၁၂၄,၄၃၈ |
| ဝက် | ၄,၉၉၃,၇၇၁ |

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြို့ပြလူဦးရေ၏ အသားနှင့် ကြက်ဥလိုအပ်မှု

| စဉ် | အကြောင်းအရာ | မြို့ပြလူဦးရေ | ရေတွက်ပုံ | တစ်ရက် လိုအပ်မှု | တစ်နှစ်အတွက် လိုအပ်ချက်(ကောင်ရေ) |
|---|---|---|---|---|---|
| ၁ | ကြက်ဥ | ၁၅,၆၈၁,၆၃၂ | လုံး | ၁၅,၆၈၁,၆၃၂ | ၃၉,၂၀၄,၀၈၀ |
| ၂ | ကြက်သား | ၁၅,၆၈၁,၆၃၂ | ပိဿာ | ၇၈၄,၀၈၂ | ၄၀,၇၇၂,၂၆၃ |
| ၃ | ဝက်သား | ၁၅,၆၈၁,၆၃၂ | ပိဿာ | ၇၈၄,၀၈၂ | ၈၁၅,၄၄၅ |

ရှင်းလင်းချက်

| | |
|---|---|
| ၁ | လူတစ်ဦး တစ်ပတ်လျှင် ကြက်သား ၅ ကျပ်သားနှုန်း၊ ဝက်သား ၅ ကျပ်သားနှုန်း၊ ကြက်ဥ ၂ လုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။ |
| ၂ | ကြက်တစ်ကောင်လျှင် ၁ ပိဿာ၊ ဝက်တစ်ကောင်လျှင် ၅၀ ပိဿာ ထွက်ရှိပါသည်။ |

မွေးမြူရေးကို တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

☆ စာမျက်နှာ ၅ မှ

ဥပမာအားဖြင့် ဖွဲနုမှ ဖွဲနုဆီ ထုတ်လုပ်နိုင်သည့် အတွက် ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းမှ ထပ်မံဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွဲကြမ်းကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့၊ စပါးခွံကိုလည်း ထင်းအစားထိုး လောင်စာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍ တစ်ခုတည်းမှ ထုတ်ကုန်တစ်မျိုးတည်းရရှိခြင်း မဟုတ်ဘဲ၊ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကိုပါ စနစ်တကျ ပြန်လည်အသုံးချပြီး တန်ဖိုး ထပ်မံဖန်တီးနိုင်သည့် ဥပမာတစ်ခုအနေဖြင့် တင်ပြခြင်းဖြစ်ကြောင်း၊ တစ်ချိန်က ဖွဲနုဆီ ထုတ်ခဲ့သော်လည်း နည်းပညာအရ အရည်အသွေး ညံ့ဖျင်းမှုကြောင့် လူများက ဖွဲနုဆီကို စိတ်မဝင်စားကြကြောင်း၊ ယခုခေတ်ကာလတွင် နည်းပညာများ မြင့်မားလာပြီဖြစ်သဖြင့် ဖွဲနုဆီသည် သာမန်စားသုံးဆီများနှင့် ယှဉ်လာနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲနုအမြောက်အမြား ထွက်ရှိသည့် မိမိတို့နိုင်ငံအနေဖြင့် ဖွဲနုဆီ ထုတ်လုပ်သုံးစွဲမှုကို အားပေးရန် လိုကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံတွင် ရှိသည့် လူဦးရေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်၊ အရေအတွက်အားဖြင့် ၁၅ သန်းခန့်သည် မြို့ပြဒေသများတွင် နေထိုင်ကြကြောင်း၊ အဆိုပါ လူဦးရေ ၁၅ သန်းသည် တစ်နေ့ကို လူတစ်ဦးလျှင် ကြက်ဥတစ်လုံးနှုန်း စားသုံးမည်ဆိုပါက တစ်နေ့ကို ကြက်ဥအလုံးရေ ၁၅ သန်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ နေ့စဉ် ကြက်ဥ ၁၅ သန်း ထုတ်လုပ်ပေးနိုင်ရန် အတွက် ဥပေးနိုင်သည့် ကြက်အကောင်ရေ သန်း ၂၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူပင် ကြက်သားစားသုံးမှုကို ကြည့်မည်ဆိုပါက လူတစ်ဦးလျှင် တစ်နေ့ ငါးကျပ်သားနှုန်းဖြင့် တွက်ချက်မည်ဆိုပါက စုစုပေါင်း ကြက်သားပိဿာချိန် ရှစ်သိန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ ကြက်တစ်ကောင်၏ အသားထွက်ရှိမှုကို ပျမ်းမျှ တစ်ပိဿာနှုန်းဖြင့် တွက်ချက်မည်ဆိုပါက နေ့စဉ်စားသုံးမှုအတွက် အသားတိုးကြက် စုစုပေါင်း အကောင်ရေ ရှစ်သိန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ ဝက်သား စားသုံးမှုကိုလည်း လူတစ်ဦးလျှင် တစ်နေ့ ငါးကျပ်သားနှုန်းဖြင့် တွက်ချက်မည်ဆိုပါက စုစုပေါင်း ဝက်သား ပိဿာချိန် ရှစ်သိန်းလိုအပ်မည်ဖြစ်ကြောင်း၊ ဝက်တစ်ကောင်ကို ပျမ်းမျှ ပိဿာ ၅၀ နှုန်းဖြင့် တွက်ချက်မည်ဆိုပါက နေ့စဉ်စားသုံးမှုအတွက် ဝက်အကောင်ရေ ၁၅၆၈၂ ကောင် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေလိုအပ်ချက်နှင့်အညီ အစားအစာ ဖူလုံရေးအတွက် မွေးမြူရေး ကဏ္ဍသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် မွေးမြူရေးကဏ္ဍကို လက်ရှိအခြေအနေထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအပြင် ထုတ်လုပ်မှု တိုးတက်လာသည့်အခါ ပိုလျှံထုတ်ကုန်များကို ပြည်ပဈေးကွက်အထိ တင်ပို့နိုင်ရေးကိုပါ ရည်မှန်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြားသီးနှံများကိုလည်း ဥပမာပေးရမည်ဆိုပါက ဝါစိုက်ပျိုးရေးကဏ္ဍကို ကြည့်နိုင်ကြောင်း၊ ပိုလျှံသည့် ဝါကို ဝါဂွမ်းအနေဖြင့် ပြည်ပကို တင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့် ထုတ်လုပ်မည်ဆိုပါက ဝါဂွမ်းမှချည်၊ ချည်မှချည်ထည်နှင့် အဝတ်အစားများကို ဆက်လက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ဆက်စပ် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းအဝတ်အထည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြည်ပဈေးကွက်ကိုလည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် Agro–Based Industries ပင်ဖြစ်ကြောင်း။

ထို့အပြင် ဝါမှရရှိသည့် ဝါစေ့ကိုလည်း ဝါစေ့ဆီအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ ဝါကြိတ်ဖတ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ လင်တာဂွမ်းကိုလည်း စက်မှုလုပ်ငန်းများတွင် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ဝါစိုက်ပျိုးရေးမှ ထွက်ရှိလာသည့် ထုတ်ကုန်နှင့်ဘေးထွက်ပစ္စည်းများကိုပါ အလဟဿမဖြစ်စေဘဲ အမျိုးမျိုးပြန်လည်အသုံးချနိုင်ခြင်းဖြစ်ကြောင်း၊ အိမ်တွင်းစက်မှုလုပ်ငန်းများကနေ အလုပ်အကိုင် အခွင့်အလမ်းများစွာရကြောင်း၊ အထူးသဖြင့် အမျိုးသမီးများ၏ လုပ်အားများစွာရရှိနိုင်ကြောင်း။

အလားတူ ဝါးစိုက်ပျိုးရေးကဏ္ဍတွင်လည်း ဝါးကို ကုန်ကြမ်းအတိုင်း ပြည်ပသို့ တင်ပို့ခြင်းထက် ဝါးမှတန်ဖိုးမြှင့် စက်မှုထုတ်ကုန်များ ထုတ်လုပ်သွားရန်လိုအပ်ကြောင်း၊ ဥပမာအားဖြင့် လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂများ၊ စက္ကူ၊ အထည်အလိပ်၊ ဝါးတူ၊ သွားကြားထိုးတံ စသည့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့အပြင် ဝါးတူလုပ်ငန်းမှ ထွက်ရှိလာသည့် အမှုန်များကိုလည်း ခြင်ဆေးခွေ ထုတ်လုပ်သည့် လုပ်ငန်းများအတွက် ပြန်လည်ရောင်းချအသုံးပြုနိုင်ကြောင်း၊ ဝါးခွဲရာမှထွက်ရှိလာသည့် ဝါးဆစ်ပိတ်များကိုလည်း အပူလုံနည်းပညာဖြင့် လောင်ကျွမ်းစေပြီး ဝါးမီးသွေးအဖြစ် ထုတ်လုပ်နိုင်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် ထုတ်ကုန်များကို ဖန်တီးနိုင်မည် ဖြစ်ကြောင်း၊ ယင်းသို့ တန်ဖိုးမြှင့်လက်မှုနှင့် စက်မှုထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေရရှိလာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။

အလားတူ ကြံစိုက်ပျိုးရေးကဏ္ဍကို ကြည့်မည်ဆိုပါကလည်း ကြံမှတစ်ဆင့် သကြားထုတ်လုပ်ရုံသာမက ထွက်ရှိလာသည့် ဘေးထွက် ပစ္စည်းများကိုပါ ပြန်လည် အသုံးချနိုင်ကြောင်း၊ ဥပမာအားဖြင့် ကြံကြိတ်ဖတ်များကို မြေဩဇာထုတ်လုပ်သည့် လုပ်ငန်းများတွင် အသုံးပြုနိုင်ပါကြောင်း၊ သကြားထုတ်လုပ်သည့် လုပ်ငန်းစဉ်အတွင်း ရရှိလာသည့် တင်လဲရည်များကိုလည်း အဖျော်ယမကာထုတ်လုပ်ရေးတွင် အဓိကအသုံးပြုနိုင်သကဲ့သို့ သဘာဝမြေဩဇာပြုလုပ်သည့် ဘိုကာရှီနည်းလမ်း များတွင်လည်း ထည့်သွင်း အသုံးပြုနိုင်ကြောင်း၊ ယင်းသို့ စိုက်ပျိုးရေးထုတ်ကုန်များ၏ ဘေးထွက်ပစ္စည်းများကိုပါ ပြန်လည် အသုံးချနိုင်မည်ဆိုပါက ထုတ်လုပ်မှု ကုန်ကျစရိတ်ကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း ထပ်မံအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ထို့အပြင် နေကြာ၊ နှမ်းစိုက်ပျိုးမွေးမြူရေးကဏ္ဍများကို အခြေခံပြီး ပျားမွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်ဆောင်ရွက်နိုင်ကြောင်း၊ လက်ရှိကမ္ဘာ့ဈေးကွက်နှင့် ဒေသတွင်းဈေးကွက်များတွင် ပျားမွေးမြူရေးမှရရှိသည့် ပျားရည်အတွက် ဈေးကွက်အလားအလာများရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ပျားမွေးမြူရေး၏ အကျိုးကျေးဇူးသည် ပျားရည်ထုတ်လုပ်ရရှိမှု တစ်ခုတည်းမဟုတ်ဘဲ ပျားများသည် သီးနှံများ၏ ဝတ်မှုန်ကူးမှုကို ကူညီပေးခြင်းကြောင့် သီးနှံအထွက်နှုန်းတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပြီး တောင်သူများအနေဖြင့် အပိုဝင်ငွေရရှိစေပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများကို သီးခြားစီ ဆောင်ရွက်ခြင်းထက် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး ထွက်ရှိလာသည့် ထုတ်ကုန်နှင့် ဘေးထွက် ပစ္စည်းများကို အပြည့်အဝ ပြန်လည်အသုံးချနိုင်မည့် စနစ်တစ်ရပ်အဖြစ် ဖော်ဆောင်သွားနိုင်ရန် လိုအပ်ကြောင်း။

အချုပ်အားဖြင့်ဆိုပါက နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ထုတ်လုပ်မှုမှ စတင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လယ်ယာ၊ မွေးမြူရေး၊ သဘာဝ အရင်းအမြစ်နှင့် လူ့စွမ်းအားများကို အခြေခံပြီး ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ကြမ်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်း၊ တင်ပို့ခြင်းမျိုးမဟုတ်ဘဲ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ထိုသို့တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်သကဲ့သို့ ပြည်ပဈေးကွက်ကိုလည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဈေးကွက်နှင့်ချိတ်ဆက်ပြီး ရောင်းချနိုင်လာသည့်အခါ ထုတ်လုပ်သူများ၏ ဝင်ငွေတိုးလာမည် ဖြစ်သကဲ့သို့ လုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ တိုက်ရိုက် အလုပ်အကိုင်များ၊ သွယ်ဝိုက်အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးလာသည့်အခါ ပြည်သူများ၏ စားဝတ်နေရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းများတွင်လည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့အမျိုးသားဝင်ငွေ တိုးတက်လာပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ဖြည့်စွက် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အနုပညာရှင်များက **“လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့”** အစီအစဉ်ဖြင့် သရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတ ထံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က **“လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့”** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အထိမ်းအမှတ် လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် **“လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့”** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအထိမ်းအမှတ် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







☆ **ထုတ်လုပ်လိုက်သည့် ကုန်ကြမ်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်း၊ တင်ပို့ခြင်းမျိုးမဟုတ်ဘဲ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကိုဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရမည်**

☆ **တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်သကဲ့သို့ ပြည်ပဈေးကွက်ကိုလည်း တင်ပို့နိုင်မည်၊ ဈေးကွက်နှင့်ချိတ်ဆက်ပြီး ရောင်းချနိုင်လာသည့်အခါ ထုတ်လုပ်သူများ၏ ဝင်ငွေတိုးလာမည်ဖြစ်သကဲ့သို့ လုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်လာမည်**

☆ **လုပ်ငန်းများတိုးတက်လာသည်နှင့်အမျှ တိုက်ရိုက်အလုပ်အကိုင်များ၊ သွယ်ဝိုက်အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်မည်**




## ၂၁ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

နိုင်ငံ့ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အခြေခံသည့် စက်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ နည်းပညာရရှိရေးနှင့် ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေး ရည်ရွယ်ချက်များဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC 1) ၌ ကျင်းပသည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့" အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဒေါက်တာ မောင်မောင်သိမ်းက ဦးဆောင်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်၊ ဒေါက်တာ မောင်အောင်နှင့် မြန်မာ့ဩဘာစီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဦးသတိုးဟိန်းတို့က လယ်ယာ၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍတို့မှ နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ရေးအတွက် ကဏ္ဍအလိုက်လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သင့်သည့် အခြေအနေများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ လယ်ယာ(အဓိကသီးနှံ/ စက်မှုသီးနှံ)၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါ်သန်းသန်းလင်း၊ ဒေါက်တာရဲတင့်ထွန်း၊ ဒေါက်တာ အောင်ဇေယျနှင့် ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းတို့က ဦးဆောင်သဘာပတိများအဖြစ်ဆောင်ရွက်၍ စာတမ်းရှင်များက ကဏ္ဍအလိုက် စာတမ်းများ ဖတ်ကြားတင်ပြပြီး တက်ရောက် လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား၍ ဦးဆောင်သဘာပတိများက ဆောင်ရွက်သင့်သည့် နည်းလမ်းများကိုအကြံပြုဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကဏ္ဍအလိုက်ဆွေးနွေးပွဲများကိုလည်း အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✣ ၂၀၂၆ ခုနှစ်မှ

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိလျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါလျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း**နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆-ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်နေ့မှ အောက်တိုဘာလ(၁၆)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ❂ ပြည်သူ့စစ်မှုထမ်းမှ

သင်တန်းအမှတ်စဉ်(၅)မှ နိုင်ငံ့သားကောင်းရတနာများသည် သတ်မှတ်စစ်မှုထမ်းကာလ အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

၎င်းတို့၏ တာဝန်ကျေပွန်မှုအတွက် ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသော ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် စက်တင်ဘာ ၁၈ ရက်က ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး မိမိတို့၏ မွေးရပ်မြေနေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအား ဒေသခံပြည်သူများနှင့် မိဘဆွေမျိုးမိသားစုဝင်များက အောင်သပြေခက်များဖြင့် ဖျန်းပက်ခြင်း၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများ လက်ဝယ်အရောက်ချီးမြှင့်ပေးအပ်ခြင်းတို့ဖြင့် အထူးလေးစားစွာ ဂုဏ်ပြုခဲ့ကြသည်။ ထို့ပြင် အိုးစည်၊ ဒိုးပတ်တီးမှုတ်ကခုန်သံများဖြင့် မြို့ရွာအနှံ့ ခြိမ့်ခြိမ့်သဲသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် ပီတိဖြစ်ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရပြီး တပ်မတော်နှင့်ပြည်သူအကြား အပြန်အလှန်ယုံကြည်လေးစားမှု၊ တစ်သားတည်းဖြစ်တည်နေမှုကို ထင်ရှားစွာ သက်သေပြနေသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ်လည်း တွေ့မြင်ကြရမည်ဖြစ်သည်။

အဆိုပါ စစ်မှုထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့်နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို ရဲရင့်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တားဆီးကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၌ ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားများနှင့် ရဲဘော်ရဲဘက်စိတ်ဓာတ်အပြည့်ဖြင့် လက်တွဲကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိစေမည်ဖြစ်သည်။

ထို့ပြင် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၏ ရှေ့မှောက်၌ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပစဉ်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၇ ဒသမ ၁၅ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအတွင်း၌ ရှိကြသည့် မဲဆန္ဒရှင် ပြည်သူများနှင့် ခဏတာ ပြန်လည်ထိတွေ့ခွင့်ရပြီး အခုကဲ့သို့ ကျန်းမာစွာဖြင့် လွှတ်တော် အစည်းအဝေးကိုစုံစုံညီညီပြန်လည် တက်ရောက်လာသည်ကို မြင်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ပါကြောင်း။

မိမိတို့ တတိယအကြိမ် ပြည်သူ့လွှတ်တော်၏ လုပ်ငန်းစဉ်အစကို ပြန်ကြည့်လျှင် ပထမအကြိမ် ပုံမှန်အစည်းအဝေး ကာလသည် ခုနစ်ရက် ကြာမြင့်ပြီး ပြည်သူနှင့် ပြန်လည်ထိတွေ့ရသည့်ရက်သည် ၅၂ ရက် ဖြစ်ပါကြောင်း၊ ဒုတိယ အကြိမ် ပုံမှန်အစည်းအဝေးကာလသည် ၃၂ ရက် ကြာမြင့်ပြီး ပြည်သူနှင့်ပြန်လည်ထိတွေ့ရသည့် ကာလသည် (၅၁) ရက် ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ ပြည်သူ့လွှတ်တော်၏ တတိယအကြိမ် ကာလတွင် အလုပ်လုပ်ရက် (၃၉) ရက်ရှိခဲ့ပြီး လွှတ်တော်ရပ်နားထားစဉ် မဲဆန္ဒရှင် ပြည်သူများနှင့် ပြန်လည်ထိတွေ့ခွင့်ရသည့် ရက် ( ၁၀၃ ) ရက် ရှိပါကြောင်း။

လွှတ်တော် သက်တမ်း တစ်လျှောက် ဆောင်ရွက်ခဲ့သမျှကို အကျဉ်းချုံး ပြန်လည်သုံးသပ်ကြည့်လျှင် လွှတ်တော်၏ အဓိကတာဝန်များဖြစ်သည့် လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ခြင်း၊ အုပ်ချုပ်ရေး မဏ္ဍိုင်က နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတများ ခန့်အပ်ရေးတာဝန်များအပြင် အတည်ပြုခြင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူကိုယ်စားပြုလုပ်ငန်းစဉ်အနေဖြင့် အလုပ်လုပ်ရက်အတွင်း၌ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၈၈၅ ခု မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး အဆို (၃) ခု တင်ပြနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ စွမ်းရည်မြှင့်သင်တန်းများအဖြစ် ဥပဒေနှင့် ပြည်သူ့ငွေစာရင်း သင်တန်း (၂) ကြိမ်၊ ဝန်ကြီးဌာနဆိုင်ရာ ဆွေးနွေးပွဲ (၂) ကြိမ်၊ Talk Show ( ၁ )ကြိမ်၊ နည်းပညာနှင့် AI ဆိုင်ရာ အသိပညာပေးအစီအစဉ် (၂) ကြိမ် စုစုပေါင်း (၇) ကြိမ် ပြီးခဲ့သည့်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် လွှတ်တော်၏ ရေးရာကော်မတီ (၂၂) ခုသည်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြင်ပ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း (၇၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ပြည်သူများ၏ တင်ပြစာပေါင်း ၃၀၅ စောင်ကို လက်ခံရရှိပြီး ဖြေရှင်းမှု (၂၄၈) စောင်၊ လွှဲပြောင်းပေးမှု (၄) စောင်၊ ကြားနာမှု (၁၁) စောင်၊ ကွင်းဆင်းစစ်ဆေးမှု (၁) ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ တိုင်ကြားစာ (၄၁) စောင် ရှိပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေး ပိုင်းကိုကြည့်လျှင် ပြီးခဲ့သည့်ကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတကာဖိုရမ် တက်ရောက်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမား လွှတ်တော်၏ (၉) ကြိမ်မြောက် လွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ပွဲသို့ International observer team အနေဖြင့် သွားရောက်နေဆဲဖြစ်ပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော် (၂) ရပ်မှ ကိုယ်စားလှယ် ၃၀ ကို အိန္ဒိယ လွှတ်တော်လေ့လာရေး ခရီးစဉ် စေလွှတ်ခြင်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ကျင်းပသည့် တတိယအကြိမ် အာဆီယံ လွှတ်တော်များဆိုင်ရာ တတိယ အကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ ကိုယ်စားလှယ် ၅ ဦး စေလွှတ်ခဲ့ပြီး တရုတ်-အာဆီယံတို့မှ လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်းများနှင့် ဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ သံအမတ်များ၊ သံတမန်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားအောက်လွှတ်တော် ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရာရုပ်စ်ပါတီ ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံခြင်းများရှိခဲ့ပြီး Parliament to Parliament ဆက်ဆံရေး၊ Parliament Friendship Group များ ဖွဲ့စည်းရေး၊ ကော်မတီချင်း ဆက်ဆံရေး စသည်များကို ထိရောက်စွာ ဆွေးနွေးအမြင်ချင်း ဖလှယ်နိုင်ခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်နှင့် မိမိတို့ ပြည်သူ့လွှတ်တော် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာရေးထိုးရေး မူကြမ်းများလည်း ပေးပို့ထားပြီးဖြစ်သည့်အတွက် လုပ်ငန်းအဆုံးသတ်နိုင်အောင် ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်အနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း နိုင်ငံတကာ ဆက်ဆံရေးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း မိမိတို့မဲဆန္ဒနယ်မြေအတွင်း၌ ပြည်သူများနှင့် ကွင်းဆင်းတွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို နားထောင်မှတ်သားခြင်း၊ ပြည်သူအကျိုးပြု နိုင်ငံအကျိုးပြု လုပ်ငန်းများတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့ခြင်း စသည်များကို ဒေသဆိုင်ရာမှတ်တမ်းများ၊ သတင်းများအရ တွေ့မြင်ကြားသိရသည့် အတွက်လည်း ကိုယ်စားလှယ်ကြီးများ ကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ် တစ်ဦး၏ တာဝန်သည်လွှတ်တော် အတွင်းသာမက မိမိကိုယ်စားပြုသည့် မဲဆန္ဒရှင်ပြည်သူများ၏ အသံကိုလွှတ်တော်ထဲသို့ယူဆောင်ပေးရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော်ထဲတွင် ပြည်သူ့ဆန္ဒများကို နိုင်ငံတော်၏ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် စဉ်းစားသုံးသပ်ပြီး မေးခွန်းများဖြင့် တင်ပြခြင်း၊ အဆိုများဆွေးနွေးတင်ပြခြင်း၊ ဖြေရှင်းရန် ကြိုးပမ်းခြင်း၊ သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများထံ လွှဲပြောင်းတင်ပြခြင်း စသည်များကို ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ယနေ့မှစတင်သည့် လွှတ်တော် အစည်းအဝေးသည် ပြည်သူ့အသံကို နားထောင်သည့် လွှတ်တော်၊ ပြည်သူ့အရေးကို နိုင်ငံတော်၏ ပကတိ အခြေအနေများနှင့် ဆက်စပ်ပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးသည့် လွှတ်တော်၊ လိုအပ်ချက်များကို လက်တွေ့ကျကျ ညှိနှိုင်း အဖြေရှာပေးသည့် လွှတ်တော် အဖြစ် ပိုမိုပီပြင်စွာ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ကာလများမှ အခြေအနေများကို အကျဉ်းချုပ် တင်ပြပြီးနောက် မိမိတို့ လွှတ်တော်၏ ရှေ့ခရီးကိုလည်း အတိုချုပ် တင်ပြလိုပါကြောင်း၊ “ပြည်သူ့အသံ လွှတ်တော် အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက် လွှတ်တော်က ဖော်ဆောင်ရွက်” ဆိုသည့်အတိုင်း ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်ရန်အတွက် လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ရေး မဟာဗျူဟာ ၅ နှစ် စီမံကိန်းကို ရေးဆွဲထားပြီးဖြစ်သည့်အတွက် တစ်ဆင့်ချင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်၏ ယခုအစည်းအဝေးကာလတွင် မေးမြန်းခြင်းမှသည် ဖြေရှင်းခြင်းသို့၊ ဆွေးနွေးခြင်းမှသည် ရလဒ်ဆီသို့ ဆိုသည့်အတိုင်း ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ လွှတ်တော်၏ ဂုဏ်သိက္ခာသည် ကိုယ်စားလှယ်များ၏ စွမ်းရည်၊ ကြိုးပမ်း ဆောင်ရွက်ချက်ဖြင့် တည်ဆောက်ရမည် ဆိုသည့် စကားကို အလေးအနက်ထားပေးကြပါရန် အကြံပြုလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးနှင့် တတိယပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရောဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ လှူဒါန်းခြင်းအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပေါင်းတည် မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန အတွက် ရုံးအဆောက်အအုံ အသစ်အား မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲထွန်းဦးက လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော ရုံးများ၊ ရုံးအင်္ဂါရပ်များနှင့် ညီညွတ်မှုမရှိသော အိုမင်းဟောင်းနွမ်းနေသည့်ဌာနပိုင်ရုံး အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည် ဆောက်လုပ်နိုင်ရေးအတွက် နှစ်စဉ်လျာထားတင်ပြတောင်းခံလျက် ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေ လျာထားတောင်းခံရာတွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ရုံး အဆောက်အအုံများ၊ မန္တလေး ငလျင်ဒဏ်အပါအဝင် သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်ရုံးများအား ဦးစားပေး လျာထား တောင်းခံခဲ့သဖြင့် ပေါက်ခေါင်းမြို့နယ် ဦးစီးမှူးရုံး အနေဖြင့် လျာထားတောင်းခံမှုတွင် မပါရှိခဲ့ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ရုံးများ၊ ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ရုံးများ၊ ရုံးအင်္ဂါရပ်များနှင့်ညီညွတ်မှုမရှိသော အိုမင်းဟောင်းနွမ်းနေသည့် ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား အသစ် ပြန်လည်ဆောက်လုပ်နိုင်ရေး လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိမှုအပေါ် ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်မြို့များသို့ နိုင်ငံခြားခရီးသွားများ စနစ်တကျ ဝင်ရောက်ခွင့်ကို (ယာယီ)ရပ်ဆိုင်းထားခြင်းအား ပြန်လည်ခွင့်ပြုပေးရန် အစီအစဉ်ရှိ မရှိ၊ မရှိပါက အဘယ်ကြောင့်နည်းနှင့် ရှိပါကမည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးရဲထွန်းဦးက ရှမ်းပြည်နယ် (အရှေ့ပိုင်း)နယ်စပ်ဒေသများသို့ ယခင်အတိုင်း နိုင်ငံခြားသား ခရီးသွားများ စနစ်တကျ ဝင်ရောက်လည်ပတ်ခွင့်ကို ထိုင်းနိုင်ငံသားများအတွက် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ ယာယီ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ တာချီလိတ်ခရိုင် အတွင်းသာ ခွင့်ပြုလျက်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသားများအား နိုင်ငံကူးလက်မှတ်၊ ဗီဇာဖြင့်လည်းကောင်း၊ တတိယ နိုင်ငံသားများအား Package Tour ဖြင့်သာ ဝင်ထွက်ခွင့်ပြုလျက်ရှိသည့်အတွက် နိုင်ငံကူးလက်မှတ်၊ ဗီဇာအပြင် Package Tour သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါကလည်းကောင်း၊ တာချီလိတ်၊ ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး အတိုင်း အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက် (မြဝတီနယ်စပ်ဂိတ်မပါ) များမှ ဝင်ထွက်ခွင့်ပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦး မဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦးမြို့ပေါ် ရပ်ကွက် (၄) ခု ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က ချောင်းဦးမြို့ပေါ်တွင် ရေဝင်ရောက်လေ့ရှိသည့်မြို့၏အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် **စာမျက်နှာ ၉ သို့** ❍

❍ စာမျက်နှာ ၈ မှ
မြို့သစ်ရပ်ကွက် တောင်ဘက်ခြမ်း ဘူတာရပ်အတွင်း ပေ (၁၅၀၀) မြေသားရေမြောင်း တူးဖော်ခြင်း၊ မြို့မရပ်ကွက် သိမ်တော်တံတား အနီး (မြို့လည်)ချောင်းသို့ စီးဆင်းသည့် ပေ (၁၀၀၀) ရေဆိုး ထုတ်မြောင်းတူးဖော်ခြင်း၊ မြို့မ ရပ်ကွက် ရုံးပတ်လမ်း ပေ(၁၀၀၀) ရေမြောင်းတူးဖော်ခြင်း၊ စုစုပေါင်း အရှည်ပေ (၃၅၀၀)၊ အကျယ် (၁၂) ပေ၊ အနက်(၈)ပေဖြင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ချောင်းဦးမြို့ မြို့မရပ်ကွက်၊ တမာမြိုင်ရပ်ကွက်နှင့် ချောင်းဦး တောင်ရပ်ကွက်တို့ ချိတ်ဆက်ပေးသော အရှေ့မအုပ်ရပ် ရေကျော် နေရာတွင် (၅)တန်ခံ အလျား ပေ (၂၀)၊ အကျယ် (၁၂)ပေ၊ အမြင့်(၈) ပေ ကွန်ကရစ်တံတား(၁)စင်းနှင့် တမာမြိုင်ရပ်ကွက်အတွင်း လက်ရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည့် အလျား(၁၃)ပေ၊ အကျယ်(၁၃)ပေ၊ အမြင့်(၈) ပေရှိ တံတား၏ ချဉ်းကပ်ခုံ (၂)ဘက်လုံးမှာ ချောင်းအတွင်း တည်ဆောက်ထားသဖြင့် အဆိုပါနေရာတွင် လိုအပ်ချက်နှင့် ကိုက်ညီသော တံတားတစ်စင်းအား အစားထိုး တည်ဆောက်ပေးပါက မိုးရာသီကာလတွင် ချောင်းရေစီးဆင်းပါက သွားလာမှုလွယ်ကူချောမွေ့စေခြင်း၊ ရေစီးရေလာစနစ် ပိုမိုကောင်းမွန်မည်ဖြစ်သဖြင့် အဆိုပါ လုပ်ငန်း(၂)ခုအား ရန်ပုံငွေရရှိမှု အပေါ် မူတည်၍အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာ မဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ် မြို့မဈေးအား ဈေးဝယ်စင်တာ အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးခင်မောင်လတ်က လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကောက်ခံရရှိသော အခွန်ငွေများဖြင့် မြို့သာယာလှပရေးနှင့် လမ်း၊ တံတားလုပ်ငန်း၊ မြို့ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ဈေးသစ်ပြန်လည် တည်ဆောက်ရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်းနှင့် မြို့မဈေးဟောင်းကြီးအား ဈေးသူဈေးသားများက ၎င်းတို့ဆန္ဒနှင့် အညီ ခေတ်မီသော ဈေးသစ်အဖြစ် အကျိုးတူ ရင်းနှီးမြှုပ်နှံလိုသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်များ ရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူး မဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ မြို့မအမှတ် (၂) ရပ်ကွက် အမက-၂ (မူလွန်) ကျောင်းရှိ ကျောင်းဆောင် ဟောင်းအား မည်သည့်ကာလတွင် အသစ်ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တမူးမြို့နယ် မြို့မအမှတ်(၂)ရပ်ကွက်ရှိ အမှတ် (၂)အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် ကျောင်းဆောင် (၄) ဆောင်၊ စာသင်ခန်း (၉)ခန်း ရှိပြီး ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ စာသင်ခန်း (၈)ခန်း ထပ်မံလိုအပ်လျက်ရှိပါကြောင်း။

ကျောင်းသားဦးရေအရ လိုအပ်သော စာသင်ခန်း (၈)ခန်းစာ ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် အန္တရာယ်ဆောင်ဖြစ်သော ပေ (၁၂၀ x ၃၀) သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း (၁) ထပ်ဆောင်အား ဖျက်သိမ်းပြီး ပေ (၁၄၀ x ၃၀) RCC (၂)ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်ကြီးနား မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက် အထက (ကျောင်းခွဲ) အမှတ် (၂) တွင် နှစ်ထပ်ကျောင်းဆောင် တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင် (၅) ဆောင်၊ စာသင်ခန်း(၂၀)ဖြင့် နှစ်သုတ်တက်ကျောင်းအဖြစ် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တွင် မြေနေရာ လုံလောက်မှုအပေါ် မူတည်၍ စာသင်ခန်း(၁၂) ခန်းစာ ပေ(၁၄၀ x ၃၀) RCC (၃) ထပ် ဆောက်လုပ်ရန် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှဒေါက်တာကျော်ကျော်ဌေး၏ **ထားဝယ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား သုံးထပ်ဆောင်အသစ်အဖြစ် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ထားဝယ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် (၈)ဆောင်၊ စာသင်ခန်း (၃၇)ခန်းဖြင့် သင်ကြားသင်ယူလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ပေ (၁၄၀ x ၃၀) အုတ်ညှပ် (၂)ထပ်ပိတောက်ဆောင်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ၏ စိစစ်ထောက်ခံချက်အရ အန္တရာယ်ဆောင်ဖြစ်သဖြင့် အဆိုပါကျောင်းဆောင်အား ဖျက်သိမ်း၍ လိုအပ်သော စာသင်ခန်းအရဆောက်လုပ်ပေးရမည့် ကျောင်းဆောင်အား လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက် ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာ မဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်တွင် ဆရာဆရာမ အင်အားပြည့်စုံလုံလောက်မှုမရှိပါ၍ ဆောလျင်စွာဖြည့်ဆည်းပေးနိုင်မည့်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း (၂၀၁) ကျောင်းရှိရာ ဖွင့်ကျောင်း (၁၆၁)ကျောင်းရှိပြီး အထက်တန်းဆင့်သင် ကျောင်းများတွင် ဆရာ ကျောင်းသားအချိုးအရ ဆရာပြည့်စုံလုံလောက်မှုရှိပါကြောင်း၊ အလယ်တန်းဆင့်သင်ကျောင်းများတွင် လယ်ဆင့်သင် ဆရာလိုအပ်ချက်ရှိသော ကျောင်း (၉)ကျောင်းရှိပြီး ဆရာလိုအပ်ချက်အား B.A(Edu), B.Sc (Edu) သင်တန်းဆင်းများ ခန့်ထားချိန်တွင် သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သင်ကြားရေး ဆရာ ဆရာမများ အပြောင်းအရွှေ့နှင့် ရာထူးတိုးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဆန္ဒပြုလျှောက်ထားသူရှိပါက သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့် အညီ ဖြည့်ဆည်းခန့်ထားသွားမည်ဖြစ်ပါကြောင်း။

မူဆင့်သင် ဆရာလိုအပ်ချက်ရှိသော ကျောင်း (၁၂၃)ကျောင်း အနက် မူလတန်းဆင့်သင်ကျောင်း (၁၂၀)တွင် ဒေသခန့်ဆရာ (၁၈၈) ဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် Dip.EP သင်တန်းဆင်း မူဆင့်သင်ဆရာ (၂၅၅)ဦးအား ခန့်ထားပြီးဖြစ်ပါသဖြင့် ဆရာ လိုအပ်ချက်မရှိပါကြောင်း၊ မူဆင့်သင်ဆရာ ခန့်ထားမှုမရှိသည့် လွန်တောင်း-အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ပြား-အခြေခံပညာ အလယ်တန်းကျောင်းနှင့် ပတ်လည်အင်း-အခြေခံ ပညာအထက်တန်းကျောင်း (ခွဲ) ကျောင်းများအတွက် ရပ်ရွာမှ စေတနာ့ဝန်ထမ်း (၈)ဦး၊ ဒေသအခြေအနေအရ ယာယီပိတ်ထားသော ကျောင်းများမှ ဆရာ ဆရာမ (၁၃)ဦးအား ယာယီတွဲဖက် သင်ကြားစေခြင်းဖြင့် လတ်တလော သင်ကြားရေး အဆင်ပြေစေရန် ဆောင်ရွက်ထားပါကြောင်း၊ ဆရာလိုအပ်ချက်ရှိသော အဆိုပါကျောင်း (၃)ကျောင်းအတွက် သင်ကြားရေး ဆရာ ဆရာမ အပြောင်းအရွှေ့လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဆန္ဒပြုလျှောက်ထားသူရှိပါက သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့် အညီ ဖြည့်ဆည်းခန့်ထားပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နတ်တလင်း မဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **နတ်တလင်းမြို့နယ် အတွင်းရှိ ရွာသာကုန်း-ဇီးပင်ကွင်း-ရှမ်းကုန်း-လက်ခုတ်ပင် ကျေးရွာချင်းဆက်လမ်း ပျက်စီးနေပါသဖြင့် ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရွာသာကုန်း - ဇီးပင်ကွင်း - ရှမ်းကုန်း - လက်ခုတ်ပင်သို့ ဆက်သွယ်ထားသော လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော လမ်း ဖြစ်ပါကြောင်း၊ လမ်းအရှည် (၂) မိုင် (၇) ဖာလုံ ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ကျန်ရှိသော အမာခံလမ်း (၁) မိုင်နှင့် မြေသားလမ်း ၆ ဒသမ ၇၆ ဖာလုံ ခန့်မှာ ပျက်စီးလျက်ရှိပါကြောင်း။

အဆိုပါလမ်းအား ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ပြီးသော လမ်းပိုင်း (၁) မိုင် (သုည ဒသမ ၂၄) ဖာလုံမှ မြေနီကျောက်စရစ်ခင်းလုပ်ငန်း (၂)ဖာလုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောင်းမြ မဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ် ရေကျော်ကျေးရွာ အုပ်စုနှင့် လပွတ္တာမြို့နယ် ရေဆိုင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်သည့် ရေကျော်-ရေဆိုင် လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြောင်းမြ-လပွတ္တာလမ်းမှ တူးမြောင်း-ရေကျော် လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ပြည်ထောင်စုမှ စီမံခန့်ခွဲသော အရှည်(၈) မိုင် (၁) ဖာလုံရှိClass (C) အဆင့် မြေသားလမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိအခြေအနေသည်(၂) မိုင်(၅) ဖာလုံမှာ လမ်းအကျယ် ပေ (၂၀)၊ (၃) မိုင်မှာ လမ်းအကျယ် (၁၅) ပေ၊ (၂) မိုင် (၄) ဖာလုံမှာ လမ်းအကျယ် (၁၂) ပေခန့်သာ ရှိပါကြောင်း။

ဌာနမှ သတ်မှတ်ထားသော လမ်းအကျယ် ရရှိနိုင်ရန်အတွက် လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ လမ်းကော်မတီများ၊ လယ်ယာမြေပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လိုအပ်သော လမ်းအကျယ်ရရှိပါက ရေလွှမ်းမိုးမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်သောလမ်းတာ အမြင့်အား မြေပြင်ကွင်းဆင်းတိုင်းတာ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေ အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးသန်းနိုင်၏ **ဝါးခယ်မမြို့နယ်၌ သရွတ်သွတ်ချောင်းကူး တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဝါးခယ်မမြို့နယ် သရွတ်သွတ်ချောင်းကူးတံတား တည်ဆောက်ရမည့်နေရာသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ကျေးရွာချင်းဆက်လမ်းပေါ်တွင် မရှိပါကြောင်း၊ အဆိုပါချောင်းကူးတံတား တည်ဆောက်ရမည့် လျာထားနေရာတွင် မူလလမ်းနယ်နိမိတ် အကျယ်သည် ၈ ပေခန့်သာ ရှိပြီး လူနေအိမ်များနှင့် ကပ်လျက်ရှိနေပါကြောင်း၊ လိုအပ်သောလမ်းနယ် အကျယ်ရှိအောင် လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်း၍ ရရှိလာသော ရလဒ်ပေါ်မူတည်ပြီး သတ်မှတ် လမ်းနယ်အကျယ် ရရှိအောင် ကနဦး ဆောင်ရွက်ပြီးမှသာ တံတားတည်ဆောက်ခြင်း လုပ်ငန်းကို စတင်ရမည်ဖြစ်ပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇီးကုန်း မဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရွှေဘုံသာ တံတားပျက်စီးနေမှုအား အသစ်တည်ဆောက်ရန် သို့မဟုတ် ပြုပြင်ရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဇီးကုန်း-သစ်မျှောကြီးကျေးရွာချင်းဆက်လမ်းသည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး အဆိုပါလမ်းပေါ်ရှိ ရွှေဘုံသာတံတားသည် ပြည်ထောင်စုမှ ကြီးကြပ်ကွပ်ကဲသော တံတားဖြစ်ပါကြောင်း၊ ယခုအခါ ကမ်းကပ်ခုံ Pier တိုင်များနှင့် သံပေါင်ရက်မများမှာ ကောင်းမွန်နေပြီး သစ်သားကြမ်းခင်းနှင့် လက်ရန်းများမှာ ဆွေးမြည့်ပျက်စီးလျက်ရှိပါကြောင်း။

လက်ရှိ မြေပြင်အနေအထားအရ သစ်သားကြမ်းခင်းနှင့် လက်ရန်းတန်းများအား အသစ်လဲလှယ်ပြင်ဆင်၍ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပျဉ်းကတိုးသစ်များ အသုံးပြုပြီး အသစ်လဲလှယ်ပြင်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် သန်း (၇၀) ကုန်ကျမည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ပထမဦးစားပေး လျာထားတင်ပြပေးမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာ-အိန္ဒိယ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-ကမ္ဘောဒီးယားနှင့် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့များတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"** တို့ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပေးပို့လာသော **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"**နှင့် စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါကအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# (၉) ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ် ရွေးကောက်ပွဲ၏ ပဏာမရလဒ်များ ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်သူကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသည့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇာနည်မော်ဝင်း၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟို ရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့ကျင်းပသည့် (၉) ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ် ရွေးကောက်ပွဲ၏ ပဏာမရလဒ်များကြေညာခြင်းနှင့် နိုင်ငံတကာမှ စောင့်ကြည့်သူ UEC နှင့် လွှတ်တော်ကိုယ်စားလှယ် များက ရွေးကောက်ပွဲအပေါ်သုံးသပ်သည့် အခမ်း အနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ Mrs. Ella Pamfilova က ရွေးကောက်ပွဲဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြောကြား သည်။

ထို့နောက် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်သူ UEC ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များ၊ ပါလီမန်လွှတ်တော်များမှ ကိုယ်စားလှယ်များက ရွေးကောက်ပွဲအပေါ် သုံးသပ်ဆွေးနွေးကြသည်။

အဆိုပါ ရွေးကောက်ပွဲကာလအတွင်း ဒရုန်းဖြင့် တိုက်ခိုက်မှုရှိခဲ့ပြီး နှစ်ဦးသေဆုံးခဲ့ကာ မဲရုံအမှတ် (၁၂၈၃) မှ မဲရုံမှူး Mrs. Sanaikhina အပါအဝင် ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ပထမရက်တွင် မဲပေးစက်များ ကို နှောင့်ယှက်သည့် ဆိုက်ဘာတိုက်ခိုက်မှုများ ရှိခြင်း၊ ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများနှင့် မိသားစုဝင်များကို စာပို့ခြိမ်းခြောက်ခြင်းတို့ ရှိခဲ့ ကြောင်း သိရသည်။

(၉) ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ် ရွေးကောက်ပွဲတွင် ပါတီပေါင်း ၁၂ ပါတီ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး United Russia ပါတီက ၅၇ ဒသမ ၇၉ ရာခိုင်နှုန်း၊ ကွန်မြူနစ်ပါတီက ၁၃ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် နေရာအများစု ရရှိခဲ့သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း သည် Russia 1 ရုပ်သံချန်နယ်၏ တွေ့ဆုံမေးမြန်းမှု ကို ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း Russia 1 ရုပ်သံချန်နယ်၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားစဉ်။

# ရန်ကင်းမြို့နယ်၌ တီဘီရောဂါနှင့် အခြားရောဂါများ ကွင်းဆင်းစစ်ဆေးကုသပေး

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန် တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနနှင့် အမျိုးသားတီဘီ တိုက်ဖျက်ရေးစီမံကိန်း (NTP) တို့ ပူးပေါင်း၍ ဒေါက်တာရဲမြင့်ထွန်း ဦးဆောင်သော နယ်လှည့်ကွင်းဆင်း ရှာဖွေရေးအဖွဲ့ (TB Mobile Team) သည် ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက် ကျိုက္ကဆံ ရဲရိပ်သာခန်းမ၌ ရပ်ကွက်နေ ပြည်သူများအား တီဘီရောဂါနှင့် အခြားရောဂါများ ကွင်းဆင်းရှာဖွေ စစ်ဆေးခြင်းနှင့်



ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက် မှုတွင် ရပ်ကွက်နေပြည်သူများ အား ကျန်းမာရေးစစ်ဆေး ပေးခြင်း၊ ရင်ခေါင်းဓာတ်မှန် (CXR) ရိုက်၍ တီဘီရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဆီးချို၊ သွေးတိုး ရောဂါနှင့် အထွေထွေ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ တီဘီရောဂါ လူနာသစ်များ ရှာဖွေဖော်ထုတ်၍ လိုအပ်သည့် ကုသမှုနှင့် ကျန်းမာရေးစောင့် ရှောက်မှုများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေး ကုသပေး ခြင်းကို စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရ သည်။

**လှလှထွေး(ပြန်/ဆက်)**

# ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၂၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-တံတားဦးလမ်းမှ ညောင်ရွှေ- ကြက်လျှာလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက် နေမှုများကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စီမံရေး) ဦးရဲခေါင်ထွန်း ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

လမ်းခင်းခြင်းလုပ်ငန်းများပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၃၈၆ အိမ်မှ လူဦးရေ ၁၅၉၀ တို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက် ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြု မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ပင်လောင်းမြို့နယ်၌ မြို့နယ်သမဝါယမအသင်း စည်းဝေး

**ပင်လောင်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် တောင်ပိုင်း ပင်လောင်းမြို့နယ် မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် သဘာပတိ အဖြစ် မြို့နယ်သမဝါယမအသင်းစု လီမိတက်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမ အသင်းစုလီမိတက် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကားပြောကြား ပြီး သမဝါယမဦးစီးဌာန ဒုတိယ ဦးစီးမှူးက သမဝါယမလုပ်ငန်း ဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းအမှု ဆောင်အဖွဲ့က လုပ်ငန်းအစီရင်ခံစာ နှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာ ရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းများ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာများနှင့် အသင်း စည်းကမ်း ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ဘာဘာပတိက အသင်းသားများ၏ သဘောဆန္ဒ များကို ရယူအတည်ပြုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✦ **အားကောင်းသောမှ**

ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ယနေ့ည ၁၀ နာရီခွဲတွင် မြောက် လတ္တီကျု ၁၇.၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၇.၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေ တိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပြီး အနောက်-အနောက်မြောက် ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ- ဩရိဿပြည်နယ်တောင်ပိုင်းတို့ကို ဗီဆာကာ ပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်း ရပါသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညနေမှ စက်တင်ဘာ၂၅ ရက် အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်း ပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာ သွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ် ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ် နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ တပ်မတော်အရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား



နေပြည်တော် စက်တင်ဘာ ၂၁

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံးဌာနအသီးသီးမှ တပ်မတော်အရာရှိကြီးများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ ရုံးဌာနအသီးသီးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကား ပြောကြားရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်အရာရှိကြီးများအနေဖြင့် လုပ်ငန်းတာဝန်များအပေါ်တွင် စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်များ ကောင်းမွန်စွာဖြင့် ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အဖွဲ့အစည်းတစ်ခုတွင် လုပ်ငန်းအောင်မြင်ရန်အတွက် ဦးဆောင်သူများ၏ လုပ်ငန်းရည်မှန်းချက်၊ အကောင်အထည်ဖော်မှုနည်းလမ်းနှင့် သဘောတရားများကို လုပ်ဖော်ကိုင်ဖက်များကပါ သိရှိနားလည်မှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရုံးဌာနအလိုက် ခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့လက်အောက်တွင် လိုက်ပါဆောင်ရွက်နေကြသည့် လက်အောက်ငယ်သားများ၏ အားနည်းချက်၊ အားသာချက်များကိုသိရှိပြီး သင့်လျော်သည့် တာဝန်များကို ပေးအပ်နိုင်ရမည်ဖြစ်ကြောင်း။

**❛အမျိုးသားအကျိုးစီးပွား ဖော်ဆောင်နိုင်ရန် နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့အတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာဖို့လိုကြောင်း၊ သို့ဖြစ်၍ အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သား တစ်ဦးချင်းစီ၏ အရည်အချင်းမြင့်မားစေရန် ဝိုင်းဝန်းကြိုးပမ်းကြဖို့ လိုကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်ကြမည်ဆိုပါက မည်သည့်စိန်ခေါ်မှုကို မဆို အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်❜**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံးဌာနများသည် တပ်မတော်တစ်ရပ်လုံး၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်လုပ်ငန်းတာဝန်များကို ဦးဆောင်မှုပြုလျက်ရှိကြောင်း၊ တပ်မတော်၏ဦးနှောက်ဟုတင်စားရမည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံးဌာနများသည် လုပ်ငန်းတာဝန်များကို ထိရောက်မှန်ကန်မှုရှိအောင် ကြိုးစားဆောင်ရွက်ဖို့လိုကြောင်း။

တပ်မတော်သားများအားလုံး တပ်မတော်သို့ စတင်ဝင်ရောက်ချိန်မှစ၍ နေထိုင်စားသောက်မှု၊ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့် တပ်မတော်သား တစ်ဦး၏ ခံစားပိုင်ခွင့်ကိစ္စရပ်များကို အငြိမ်းစားယူသည့်အချိန်ကာလအထိ လုပ်ငန်းဆောင်တာများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိရုံးဌာနများမှ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ရုံးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များသည် အရည်အချင်းအရ ပြည့်ဝရန်လိုအပ်ပြီး စိတ်ဓာတ်စည်းကမ်းတွင် စံနမူနာပြဖြစ်ရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် အယူဝါဒရေး၊ လူမျိုးရေးအကြောင်းပြပြီး နည်းမျိုးစုံဖြင့် နိုင်ငံတော်ပြိုကွဲအောင် လုပ်ဆောင်ခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူနှင့် လက်တွဲကာ အသက်သွေးချွေးများစွာပေးဆပ်၍ နိုင်ငံတော်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းထမ်းဆောင်ခဲ့ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများ၏ သွေးထိုးနှောင့်ယှက် လှုံ့ဆော်ခဲ့မှုများကြောင့် အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများသည် နည်းမျိုးစုံဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့ကြကြောင်း၊ တစ်ချိန်တည်းတွင် ရိုးသားသောတိုင်းရင်းသားပြည်သူများကို သွေးထိုးလှုံ့ဆော်၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ကာ နိုင်ငံတော်ပြိုကွဲအောင် လုပ်ဆောင်လာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်၍ စွမ်းစွမ်းတမံ ကြိုးပမ်းကာကွယ်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာနေရာ(Geopolitical Pivot) တစ်ခုအဖြစ် တည်ရှိနေပြီး နိုင်ငံရေးစနစ်မတူညီသည့် အင်အားကြီးနိုင်ငံများအကြားတွင် တည်ရှိကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးသဖြင့် တပ်မတော်က တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နိုင်သည့် အင်အားရှိသော၊ စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရန်အတွက် တပ်မတော်သားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ပြည့်ဝဖို့လိုကြောင်း၊ သမိုင်းကြောင်းတစ်လျှောက်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အရာရှိကြီးများအနေဖြင့် သက်ဆိုင်ရာလက်ရုံးတပ်ဖွဲ့များကို ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်နေကြရသူများဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝနေရန်လိုပြီး မိမိတို့ဦးဆောင်ရသည့်တပ်ကို စနစ်တကျဖြင့် ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိကြီးများသည် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာကြံ့ခိုင်မှုရှိရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှုဟုဆိုရာတွင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ဖို့လိုကြောင်း၊ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်နေအောင် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နေကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် တပ်မတော်သားများဖြစ်ရန်အတွက် ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရန်လည်း လိုအပ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ်တွင် မှန်ကန်သည့် ယုံကြည်မှုဖြင့် သစ္စာစောင့်သိနေရန်လိုကြောင်း။

ကိုယ်ကျင့်တရားနှင့် စည်းကမ်းပိုင်းအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်က သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ နေထိုင်ရန်လိုပြီး မိမိတို့ကွပ်ကဲမှုအောက်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကိုလည်း ပြောဆိုဆုံးမသွန်သင်နေရန်လိုကြောင်း။

မိမိကိုယ်ကို တာဝန်ယူမှု တာဝန်ခံမှုရှိရန်လိုအပ်သကဲ့သို့ တာဝန်သိစိတ်ရှိရန်လည်း လိုအပ်ကြောင်း၊ မိမိဦးဆောင်ရသည့် ဌာန၊ အဖွဲ့အစည်းအပေါ်တွင် သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြင့် ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း။

သတင်းလုံခြုံရေးကိုလည်း တစ်ဦးချင်းစီက အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သတင်းလုံခြုံမှု ကျိုးပေါက်ခြင်းကြောင့် များစွာသော ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် လုံခြုံရေးနှင့် သက်ဆိုင်သည့် မည်သည့်ကိစ္စရပ်မဆို အလေးအနက်ထား ထိန်းသိမ်းကြရန်လိုကြောင်း၊ မိမိကိုယ်ကို လေးစားတန်ဖိုးထားရန်လိုပြီး မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းများ၏ အကျိုးဆက်ကို သိရှိနားလည်ပြီး စနစ်တကျ သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်အရာရှိကြီးများအနေဖြင့် မိမိတို့၏ တပ်ဖွဲ့နှင့် သက်ဆိုင်သည့် ဘာသာရပ်များနှင့်လုပ်ငန်းများကိုလည်း Professional ကျကျ ကျွမ်းကျင်ပိုင်နိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေကြရန်လိုကြောင်း၊ ကမ္ဘာ့အရေး၊ ဒေသတွင်းနှင့် နိုင်ငံ့အရေးတို့ကို အမြဲလေ့လာနေ၍ တပ်မတော်နှင့် မိမိတို့၏ တပ်ဖွဲ့များအတွက် အကျိုးဖြစ်စေမည့်အရာများကို စူးစမ်းလေ့လာပြီး ကြိုတင်ဆောင်ရွက်နိုင်သည့် အရာများကို အကြံပြုဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍လည်း မျက်ခြည်မပြတ် စောင့်ကြည့်သတိပြုရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်စုဖွဲ့ထားရှိရန်လိုကြောင်း။

တပ်မတော်သားများပီပီ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ရှိရန်လိုကြောင်း၊ တပ်မတော်အရာရှိကြီးများအနေဖြင့် ကိုယ်ကိုယ်တိုင် ကောင်းမွန်အောင် ကြိုးစားကျင့်ကြံနေထိုင်ပြီး မိမိတို့၏ လက်အောက်ငယ်သားများနှင့် မိသားစုဝင်များကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြစေရေး ကြပ်မတ်ကွပ်ကဲဖို့လိုကြောင်း၊ **အမျိုးသားအကျိုးစီးပွား ဖော်ဆောင်နိုင်ရန် နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့အတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာဖို့လိုကြောင်း၊ သို့ဖြစ်၍ အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သား တစ်ဦးချင်းစီ၏ အရည်အချင်းမြင့်မားစေရန် ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်ကြမည်ဆိုပါက မည်သည့်စိန်ခေါ်မှုကိုမဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း** ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် သရုပ်ပြအနုညာတခုံရုံး အခမ်းအနားကျင်းပ




မန္တလေး စက်တင်ဘာ ၂၁

မြန်မာအနုညာတဗဟိုဌာန (Myanmar Arbitration Centre)နှင့် မြန်မာအနုညာတခုံသမာဓိများအဖွဲ့ (Collage of Myanmar Arbitrators) တို့ ပူးပေါင်း၍ တတိယအကြိမ် သရုပ်ပြအနုညာတခုံရုံး အခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင်လတ်က အမှာစကားပြောကြားပြီး မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာနနှင့် မြန်မာအနုညာတခုံသမာဓိများအဖွဲ့တို့၏ Founding Father နှင့် ဥက္ကဋ္ဌဖြစ်သူ ဝဏ္ဏကျော်ထင် ဒေါက်တာမောင်မောင်သိန်းက “အနုညာတခုံရုံးနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းနည်းစနစ် မိတ်ဆက်ခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

မြန်မာအနုညာတ စီရင်ဆုံးဖြတ်ခြင်းဗဟိုဌာနကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ ပံ့ပိုးမှုဖြင့် ၂၀၁၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအချင်းချင်းဖြစ်ပွားသည့် အငြင်းပွားမှုများအပြင် မြန်မာနှင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအချင်းချင်း ဖြစ်ပွားသော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို အောင်မြင်စွာ ဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။

**အလင်းသစ်**

# ဘိုးဘွားတို့ရဲ့ အနုသုခုမယဉ်ကျေးမှုအမွေ ထိန်းသိမ်းကြစို့လေ

**ဇာနည်ဘွား**




လူမှုကွန်ရက် စာမျက်နှာထက်တွင် ၁၉၉၅ ခုနှစ်က ကျင်းပခဲ့သော မြဝတီအငြိမ့်ပြိုင်ပွဲဗီဒီယိုဖိုင်လေးများ မကြာမကြာ ပေါ်ထွက်လာရာ ပြန်လည်ကြည့်ရှုမိတိုင်း ကျေနပ်အားရဖြစ်ရသည်။

အထူးသဖြင့် ပြိုင်ပွဲတွင် ပထမဆုရ ခေါင်းဆောင်မင်းသမီး မြင့်မြင့်ကြည်နှင့် မေ့ာစ်၊ မိုးဒီ စသည့်နိုင်ငံကျော်လူရွှင်တော်ကြီးများ ပါဝင်သော ရောဝတီတိုင်းကိုယ်စားပြု အငြိမ့်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကား ယနေ့တိုင် မရိုးနိုင်ပါပေ။ မြဝတီအငြိမ့်ပြိုင်ပွဲက မြန်မာ့အငြိမ့်သဘင်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်တော့သည်။

**ပန်းခြံများတွင် အငြိမ့်ပွဲများ စီစဉ်ကျင်းပ**

အငြိမ့်သဘင်သည် မြန်မာ့အနုပညာစစ်စစ်ဖြစ်သည်။ အငြိမ့်ကိုကြည့်လျှင် အဆိုကောင်း၊ အပြောကောင်း၊ အကကောင်းနှင့် ရယ်ရွှင်ဖွယ်ရာများကိုကြည့်ရှုခံစားရပေသည်။ ရှေးအခါက စနေနေ့ ညနေပိုင်းတွင် မြို့လူထုအပန်းဖြေရန်အတွက် မြို့တော်စည်ပင်သာယာရေးအဖွဲ့က ပန်းခြံများတွင် အငြိမ့်ပွဲများ စီစဉ်ကျင်းပပေးခဲ့ကြသည်။

သို့တစေ နောက်ပိုင်းကာလများတွင် အငြိမ့်သဘင်သည် တစ်စတစ်စ ဆုတ်ယုတ်လာသည်။ ထိုသို့ဆုတ်ယုတ်ပျက်စီးလာမှုနှင့် ပတ်သက်၍ သတင်းစာဆရာ၊ စာရေးဆရာကြီး သခင်အောင်ဖေက "အငြိမ့်များပျက်စီးသွားကြခြင်းမှာ ဘယ်သူ့ပယောဂကြောင့်မှ မဟုတ်ပေ။ ပျက်စီးဖို့ရာ အငြိမ့်များ ဗွေဖောက်လာခြင်းကြောင့်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်လောက်ကစသည်ဟု ပြောရမည်ထင်၏။ အငြိမ့်သည် အငြိမ့်နေရာမနေဘဲ ဇာတ်သဘင်နယ်ထဲဝင်ရောက်ကျူးကျော်လာသည်။ မိုးလင်းပေါက်ပြသည်။ လူပြက်နှင့် နှစ်ပါးသွားသည်။ တောမဟုတ် တောင်မဟုတ် ဇာတ်ထုပ်ခင်းသည်။ အထူးသဖြင့် တောမြို့များနှင့် တောကျေးရွာများ၌ ကပြသောအခါ သို့မဟုတ် ရုံပွဲသွင်း၍ ကပြသောအခါဖြစ်၏။

တစ်ခါတစ်ရံ ဇာတ်များနှင့်အပြိုင်ကပြကြသည်။ လောကမှာ မိမိနှင့် တန်ရာတန်ရာ ပြောဆိုသင့်ကြ၏။ ပြုမူသင့်ကြ၏။ မိမိနှင့်လားလားမျှမတန်သော ပြောဆိုမှု၊ ပြုမူမှုရှိလာလျှင် မကြာမီဘေးဒုက္ခ လှလှကြီး ကြုံတွေ့ကြရသည်ကို အငြိမ့်သဘင်က သက်သေပြခဲ့သည်" စသည်ဖြင့် **"သဘင်သုံးရပ်အရေး"** ဆောင်းပါးတွင် သုံးသပ်ရေးသားခဲ့ပေသည်။

ထိုသို့ တစ်စတစ်စ ပျက်စီးဆုတ်ယုတ်လာသောအငြိမ့်သဘင်သည် မြဝတီအငြိမ့်ပြိုင်ပွဲများကြောင့် ပြန်လည်အသက်ဝင်လာသည်။ အားသစ်ပြန်လောင်းလာနိုင်ခဲ့ပေသည်။ အနာဂတ်မြန်မာ့အငြိမ့်သဘင်အတွက် အမြော်အမြင်ရှိသော ဆောင်ရွက်ချက်ဖြစ်ပေသည်။

ထိုနည်းတူ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ငါးနှစ်တာကာလ (၂၀၁၇-၂၀၂၁ ခုနှစ်)မှအပ နိုင်ငံတော်အစိုးရအဆက်ဆက်က တစ်နှစ်ထက်တစ်နှစ် အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိရှိ၊ အမျိုးသားယဉ်ကျေးမှု ပြည့်ပြည့်ဝဝဖြင့် စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် (၂၆)ကြိမ်မြောက်အဖြစ် ကျင်းပနိုင်ခဲ့သည်။

(၂၆)ကြိမ်မြောက်ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးက ဆုတံဆိပ် ၅၉ ဆု၊ မန္တလေးတိုင်းဒေသကြီးက ၄၇ ဆု၊ ဧရာဝတီတိုင်းဒေသကြီးက ၃၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးက ၃၃ ဆု၊ ပဲခူးတိုင်းဒေသကြီးက ၂၂ ဆု၊ မွန်ပြည်နယ်က ၂၁ ဆု၊ မကွေးတိုင်းဒေသကြီးက ၁၄ ဆု၊ ကယားပြည်နယ်က ၁၇ ဆု၊ ရှမ်းပြည်နယ်က ၁၃ ဆု၊ ရခိုင်ပြည်နယ်က ၁၀ ဆု၊ ကရင်ပြည်နယ်က ၁၂ ဆု၊ တနင်္သာရီတိုင်းဒေသကြီးက ၁၃ ဆု၊ ချင်းပြည်နယ်က ၁၀ ဆုနှင့် ကချင်ပြည်နယ်က ငါးဆု ဆွတ်ခူးရရှိခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပပေးခဲ့ခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများကို တန်ဖိုးထားမြတ်နိုးသည့်စိတ်ဓာတ်များ ပိုမိုရှင်သန်နိုးထလာစေပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်ဓာတ်များ ပေါ်ထွန်းလာစေခဲ့သည်။

**ရွက်ပုန်းသီးမျိုးဆက်သစ်**
**အနုပညာရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့**

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဘိုးဘွားအဆက်ဆက်၊ အနုပညာရှင်မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းသယ်ဆောင်ပွားများလာခဲ့ကြသည့်နည်းတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ ရွက်ပုန်းသီးမျိုးဆက်သစ် အနုပညာရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပေသည်။

ထို့အတူ နယ်ပယ်အသီးသီးမှ ထွေးရောယှက်တင် ဝင်ရောက်လာသော ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုများကို မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးက ယဉ်ကျေးမှုခံတပ်သဖွယ် ကြံ့ကြံ့ခံ တားဆီးကာကွယ်ပေးနိုင်ခဲ့ပေသည်။

အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏အသက်ဝိညာဉ်တစ်ရပ်ဖြစ်သည်။ ကမ္ဘာ့အလယ်တွင် မြန်မာတို့၏အနုသုခုမယဉ်ကျေးမှုကိုပြပါဆိုလျှင် နှစ်ပေါင်းထောင်ချီသည့်မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံး စဉ်ဆက်မပြတ်ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွား အမွေပေးခဲ့သည့် အဆို၊ အက၊ အရေး၊ အတီး ဟူသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဂုဏ်ယူဝင့်ကြွားစွာပြသနိုင်ပေသည်။

**စည်းကမ်း၊ ဘောင်၊ သတ်မှတ်ချက်များစွာရှိ**

မြန်မာ့အနုသုခုမပညာရပ်များသည် နယ်ပယ်ကျယ်ဝန်းလှသည်နှင့်အမျှ စည်းကမ်း၊ ဘောင်၊ သတ်မှတ်ချက်များစွာရှိပေသည်။ သတင်းစာဆရာ၊ စာရေးဆရာကြီး သခင်အောင်ဖေက "သီချင်းကြီးဆိုသည်မှာ စည်းကမ်း ကလနားဘောင် သတ်မှတ်ချက်ရှိသည်။ ဘောလယ် သည်လိုစပ်၊ တေးထပ် သည်လိုရေး၊ ယိုးဒယားပတ်ပျိုး၊ ဘွဲ့ စသည်တို့ အားလုံး သူ့စပ်နည်းစပ်ဟန်နှင့်ရှိသည်။ ကိုယ်စပ်ချင်သလို၊ ရေးချင်သလို ရေးလို့မရပေ။ ဆိုဟန်၌လည်း ကိုယ်ကြိုက်သလိုဆိုလို့ရသည်မဟုတ်"ဟု "ဂီတဆိုသည်မှာ" ဆောင်းပါးတွင် ရေးသားဖော်ပြခဲ့သည်။

ထို့အတူ ဆရာကြီး သခင်အောင်ဖေက ရတုဆိုနည်း၊ ရကန်ဆိုနည်းတွင်လည်း အသံတည်ပုံ၊ အသံအလေးအနက်၊ အတက်အကျ၊ အနိမ့်အမြင့် မတူကွဲပြားခြားနားမှုများရှိရာ ကွဲပြားခြားနားခြင်းတို့ကို အဆိုပညာရှင်များ နားလည်ထားရန်၊ ရှေးအခါက ဆိုသံကြားရုံမျှနှင့် ကဗျာရွတ်နေပါတကား၊ ပျို့ဖတ်နေပါတကား၊ လင်္ကာဆိုနေပါတကား သိကြကြောင်း ဆိုပါသည်။

တစ်ဆက်တည်းမှာပင် ဆရာကြီးသခင်အောင်ဖေက"ဂီတဆိုသည်မှာ" ဆောင်းပါးတွင် "ဇာတ်သဘင်ပညာရှင် ဦးဖိုးစိန်သည် ဓာတ်ပြားသွင်း၊ ဇာတ်ထုပ်တစ်ထုပ်၌ မဲဇာတောင်ခြေရတုသုံးပုဒ်ဆိုရာ အစမှအဆုံး မဆိုနိုင်၍ သူ့အစ်မ ဇာတ်မင်းသမီးကြီးက ဖေးမပြီးဆိုပေးရကြောင်း ဦးဟန်ပ ပြောပြဖူးသည်။

"ရှေးက ရှင်ဘုရင်ရှေ့တော်၌ ဆိုခဲ့ကြရသည့် အဆိုရှင်များသည် သတ်မှတ်ပေးထားသော ဘောင်အတွင်းမှ ကျော်၍ဆိုခွင့်မပြု၊ မဆိုတတ်က(ဝါ) မဆိုနိုင်က အာဖွဲ့ခြင်းခံရ၏ဟု ကြားဖူးသည်။ ခွန်းထောက်ဆိုတတ်ရုံမျှနှင့် မင်းသားမဖြစ်၊ လက်မြှောက်တတ်ရုံမျှနှင့် မင်းသမီးမဟုတ်ဟု ဆိုစကားရှိသည်။

"မြန်မာ့ယဉ်ကျေးမှုဖြစ်သော ဝါဂီနစ်အနုပညာရပ်များ မတိမ်ကော၊ မပပျောက်ကြရန် စုပေါင်းညီညွတ်စွာ ကာကွယ်ထိန်းသိမ်းကြဖို့လိုပြီ။ မိရိုးဖလာက ဆင်းသက်လာသည့် အနုပညာဘာသာရပ်များ မတိမ်ကော မပပျောက်ရန်တာဝန်ကိုယ်စီရှိကြသည်"ဟု ရေးသားခဲ့ပေသည်။

မကြာမီ ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်အစိုးရက နိုင်ငံတော်အဆင့် ဝှဲချီးခမ်းနားစွာ ကျင်းပပေတော့မည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အနိုင်၊ အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏အမျိုးသားရေးကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက် အရေးပါသော အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်ရကား မကြာမီကျင်းပတော့မည့် ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မြန်မာ့စိတ်ရင်းခံ အပြည့်ဖြင့် ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

---

**☆ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်တစ်ရပ်ဖြစ်**

**☆ ကမ္ဘာ့အလယ်တွင် မြန်မာတို့၏ အနုသုခုမယဉ်ကျေးမှုကို ပြပါဆိုလျှင် နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံး စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွား အမွေပေးခဲ့သည့် အဆို၊ အက၊ အရေး၊ အတီး ဟူသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဂုဏ်ယူဝင့်ကြွားစွာပြသနိုင်**

# လာအိုနိုင်ငံ၌ ဒီဂျစ်တယ်ခရီးသွားလုပ်ငန်း စကြံဖွင့်လှစ်



**ဗီယင်ကျန်း စက်တင်ဘာ ၂၁**

လာအိုနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများအား မြှင့်တင်ရေးအတွက် Lao Travel Platform အမည်ရှိ ဒီဂျစ်တယ်ခရီးသွားလုပ်ငန်း စကြံအား လာအိုနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဒီဂျစ်တယ်စနစ်ဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စကြံဖွင့်လှစ်ခြင်းဖြင့် ခရီးသွားဧည့်သည်များအတွက် ခရီးသွားလာရေးဆိုင်ရာ အစီအမံများနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

လာအိုနိုင်ငံသို့ ဒီဂျစ်တယ်ဝင်ပေါက်ဟု အမည်ပေးထားသည့် အဆိုပါခရီးသွားလုပ်ငန်းစကြံတွင် ခရီးသွားဧည့်သည်များအနေဖြင့် လာအိုနိုင်ငံအတွင်းရှိ ကျော်ကြားသည့် ခရီးသွားနေရာများ၊ အပန်းဖြေမှုဆိုင်ရာဝန်ဆောင်မှုများ၊ တည်းခိုနေထိုင်ရေး၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများဆိုင်ရာ အချက်အလက်များအား တစ်နေရာတည်းတွင် ရှာဖွေရရှိနိုင်ပြီး ကားလက်မှတ်၊ လေယာဉ်လက်မှတ်၊ ရထားလက်မှတ်များ ဝယ်ယူခြင်း၊ ကားငှားရမ်းခြင်း၊ ဆင်းကတ်ဝယ်ယူခြင်းနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများအား အဆိုပါ ဒီဂျစ်တယ်ခရီးသွားလုပ်ငန်းစကြံတွင် ဆောင်ရွက်နိုင်ကြောင်းသိရသည်။

လာအိုနိုင်ငံသည် ၂၀၂၄မှ ၂၀၃၀ပြည့်နှစ်အတွင်း ခရီးသည် ၄၃ သန်းကျော် နိုင်ငံအတွင်းသို့ လာရောက်ရေးရည်မှန်းချက်ထားရှိဆောင်ရွက်နေပြီး ၎င်းရည်မှန်းချက်အောင်မြင်ရေးအတွက် အစိုးရအနေဖြင့် နိုင်ငံအတွင်း ကျော်ကြားသည့် ခရီးသွားနေရာများရှိ အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်ခြင်းနှင့် ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။ လာအိုနိုင်ငံသို့ ယခုနှစ်ပထမနှစ်ဝက်အတွင်း ကမ္ဘာလှည့်ခရီးသွား ၂ ဒသမ ၅ သန်းကျော် လာရောက်ခဲ့ပြီး ၎င်းအရေအတွက်သည် ၂၀၂၃ ခုနှစ် အလားတူကာလကထက် ၉ ဒသမ ၈၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# တရုတ် နိုင်ငံတကာအာကာသစခန်း၌ အစားအသောက်နှင့် မီးဖိုချောင်အဆင့်မြှင့်တင်ဆောင်ရွက်

**ပေကျင်း စက်တင်ဘာ ၂၁**



အာကာသအတွင်းရှိ တရုတ်နိုင်ငံတကာအာကာသစခန်းရှိ မီးဖိုချောင်နှင့် ချက်ပြုတ်ရေးကိရိယာများ အပါအဝင် အစားအသောက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာကာသယာဉ်မှူးများ အာကာသထဲတွင် နေထိုင်သည့်ကာလအတွင်း အဆင်ပြေစေရေး ဆောင်ရွက်ချက်ဖြစ်သည်။

အာကာသစခန်းရှိ မီးဖိုချောင်တွင် အစားအသောက်များ ပြန်လည်အပူပေးခြင်း၊ ရေသန့်သုံးစွဲခြင်းနှင့် အချိန်တိုအတွင်း အစားအသောက်များရရှိနိုင်ရန်အတွက် ဉာဏ်ရည်တုနည်းပညာဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံ အာကာသယာဉ်မှူးများစင်တာသည် ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ အာကာသအတွင်း စွန့်ပစ်ရေအား သောက်သုံးရန် ပြန်လည်သန့်စင်ခြင်း အပြင် အပူချိန်အနည်းငယ်ဖြင့် အစားအသောက်များအား ပြန်လည်နွေးကာ စားသုံးနိုင်မည့် အစီအစဉ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံမြောက်ပိုင်း တီယန်ကျင့်မြို့တွင် ကျင်းပသည့် အာကာသဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာညီလာခံတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် လီဝေဘိုက ပြောကြားသည်။ လက်ရှိအချိန်တွင် အာကာသအတွင်းရှိတရုတ်အာကာသစခန်း၌ တာဝန်ထမ်းဆောင်သည့် အာကာသယာဉ်မှူးများအတွက် အစားအသောက် အမယ် ၂၀၀ ခန့်အား စားသောက်နိုင်ရေး ဆောင်ရွက်ထားရှိပြီး လတ်ဆတ်သည့် အသီးအရွက်များ၊ ကိတ်မုန့်နှင့် ဒိန်ချဉ်ကဲ့သို့သော စားသောက်စရာများ ရရှိနိုင်ရန် ဆောင်ရွက်ထားကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

# ကျူးကျော်တိုက်ခိုက်မှုထပ်မံဖြစ်ပွားပါက တိုက်စစ်အရှိန်အဟုန်မြှင့်တင်မည်ဟု အီရန်ပြောကြား

**တီဟီရန် စက်တင်ဘာ ၂၁**

အမေရိကန်နှင့် အစ္စရေးတို့အနေဖြင့် နောက်ထပ်ကျူးကျော်မှုများအား ဆောင်ရွက်ပါက အီရန်အနေဖြင့် စစ်ပွဲ၏မြေပြင်အခြေအနေအား ပြောင်းလဲကာ တိုက်စစ်အရှိန်အဟုန်မြှင့်တင်မည်ဟု အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟူစိန် မိုဟာဘီက ပြောကြားသည်။

အီရန်နိုင်ငံအပေါ် ထပ်မံကျူးကျော်တိုက်ခိုက်လာပါက နိုင်ငံ၏ကာကွယ်ရေးနှင့် တိုက်စစ်အရှိန်အဟုန်အား သိသိသာသာမြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက အယ်လ်အလန်သတင်းဌာနအား ပြောကြားသည်။ မိမိတို့အနေဖြင့် တိုက်ခိုက်မှုစွမ်းရည်မြင့်မားသည့် လက်နက်အသစ်များအား စတင်မိတ်ဆက်သည့်အချိန်တွင် ကမ္ဘာကြီးက အံ့အားသင့်လိမ့်မည်ဖြစ်ကြောင်းနှင့် မိမိတို့အနေဖြင့် တိုက်ခိုက်မှုမပြုလုပ်ရသေးသည့် ပစ်မှတ်သစ်များရှိကြောင်း ၎င်းကပြောကြားသည်။

လက်ရှိအချိန်တွင် စစ်ပွဲမပြီးဆုံးသေးသည့်အတွက် ရေရှည်အထိ တိုက်ခိုက်ရန် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြင်ဆင်ထားကြောင်း ၎င်းကပြောကြားသည်။ အီရန်တပ်ဖွဲ့အနေဖြင့် ကျူးကျော်တိုက်ခိုက်သူများဖြစ်သည့် အမေရိကန်နှင့် အစ္စရေး အပါအဝင် ၎င်းတို့၏ မဟာမိတ်များအပေါ် ရှုံးနိမ့်ခြင်းအရသာကို ခံစားစေမည်ဟု ၎င်းကပြောကြားသည်။ ဟော်မုဇ်ရေလက်ကြားရှိ အမေရိကန်ဒရုန်းတစ်စင်းအား ပစ်ချခဲ့ကြောင်း အီရန် အာကာသတပ်ဖွဲ့က စက်တင်ဘာ ၂၀ရက်တွင် ပြောကြားသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံရှိ တောမီးလောင်ကျွမ်းသည့်ဒေသများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားသူ ၁၅၁၀၀၀ ကျော်ရှိလာ

**ဂျကာတာ စက်တင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံရှိ တောမီးနှင့် မြေယာမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်ဒေသများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားနေသူ အရေအတွက် ၁၅၁၀၀၀ ကျော် ရှိလာသဖြင့် ဆေးဘက်ဆိုင်ရာလုပ်သား ၁၉၀၀ နီးပါးနှင့် ဆေးပစ္စည်းများကို အဆိုပါဒေသများသို့ ဖြန့်ကြက်ချထားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။



ဒေသခုနစ်ခုတွင် လက်ရှိအချိန်၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုများမြင့်တက်နေကြောင်း သိရသည်။

အဆိုပါဒေသများရှိ ဒေသခံ ၁၃ သန်းကျော်အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် ဒေသခံ ကျန်းမာရေးလုပ်သားများအား အားဖြည့်ရန်အတွက် ကျန်းမာရေးလုပ်သား ၁၈၉၈ ဦးအား စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝီယာဝါတီက ပြောကြားသည်။ လက်ရှိအချိန်တွင် ရပ်ရွာအခြေပြု ကျန်းမာရေးစင်တာ ၁၆၉၁ခု၊ ဆေးရုံ ၃၆၀ နှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲခန်း ၈၇ ခန်းတို့အား ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ရန်နှင့် လေထုအရည်အသွေး စစ်ဆေးရန် အသင့်ပြင်ထားကြောင်း ၎င်းက ပြောကြားသည်။ မွေးကင်းစကလေးများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ ပန်းနာရင်ကျပ်နှင့် နှလုံးရောဂါရှိသူများ အနေဖြင့် အပြင်သို့ထွက်ခြင်းကို ရှောင်ကြဉ်ရန်နှင့် နှာခေါင်းစည်းများ ဝတ်ဆင်ရန် ကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

ဆင်ဟွာ



# မွန်ဂိုလီးယားနိုင်ငံမြို့တော် အူလန်ဘာတာ၌ ဝက်ဝံတစ်ကောင် လွတ်မြောက်နေ

**အူလန်ဘာတာ စက်တင်ဘာ ၂၁**

မွန်ဂိုလီးယားနိုင်ငံ မြို့တော် အူလန်ဘာတာတွင် ဝက်ဝံတစ်ကောင် လွတ်မြောက်နေကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးဌာန၏ စက်တင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ဗာရန်ဇက်ခရိုင်ရှိ ရုက္ခဗေဒဥယျာဉ်အနီးတွင် ဝက်ဝံတစ်ကောင်တွေ့ရှိရကြောင်း ကင်မရာမှ စစ်ဆေးတွေ့ရှိခဲ့ရသည်။ ၎င်းဝက်ဝံအား ဒရုန်းများနှင့် အခြားကိရိယာများ အသုံးပြု၍ ရှာဖွေနေကြောင်းနှင့် ဒေသခံများကိုလည်း ဝက်ဝံတိုက်ခိုက်မည့်အန္တရာယ်မှ သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများက မှတ်ချက်ပြုခဲ့သည်။ ပြီးခဲ့သည့်လများအတွင်းကလည်း နိုင်ငံအတွင်းရှိ လူနေများပြားသည့်ဒေသများတွင် ဝက်ဝံများကို တွေ့ရှိရကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ရာသီဥတုပြောင်းလဲမှု၊ ဝက်ဝံများနေထိုင်ကျက်စားရာဒေသများတွင် အစာရေစာ ရှားပါးလာမှု၊ သဘာဝသယံဇာတများအား အလွန်အကျွံရယူမှုနှင့် တောမီးများလောင်ကျွမ်းခြင်းတို့ကြောင့် နိုင်ငံအတွင်းရှိ လူနေထိုင်မှုများပြားသည့် ဒေသများတွင် ဝက်ဝံများအား တွေ့ရှိလာရကြောင်း သိရသည်။

ဆင်ဟွာ

# UMFCCI လို အသင်းအဖွဲ့တွေ၊ ထုတ်လုပ်တဲ့လုပ်ငန်းရှင်တွေနဲ့ အစိုးရအဖွဲ့အစည်းတွေ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်တဲ့ Public Private Partnership ပုံစံက တော်တော်အရေးကြီးပါတယ်။ ဒါတွေလုပ်နိုင်မှပဲ နည်းပညာမြင့်ထုတ်လုပ်မှုတွေကို တက်လှမ်းပြီး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**ဒေါက်တာမျိုးမင်းကြည်ဝင်း**

"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ စကားဝိုင်းဆွေးနွေးပွဲများနှင့် Panel Session အလိုက် ဆွေးနွေးပွဲများဖြင့် ကျင်းပလျက်ရှိရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ကဏ္ဍအလိုက် တတ်သိပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်သွားကြမည့် အစီအမံများကို မေးမြန်းရေးသားဝေမျှလိုက်ရပါသည်-


ဒေါက်တာမျိုးမင်းကြည်ဝင်း


ဦးသူရိန်


ဦးစိုးသန်း


ဒေါ်ခိုင်ခိုင်နွယ်


ဦးနိုင်နိုင်

**ဒေါက်တာမျိုးမင်းကြည်ဝင်း**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

ဒီနေ့ အခမ်းအနားကိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ထုတ်ကုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍအပြင် စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်းတွေဖြစ်တဲ့ Agro-based Industry တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ကျင်းပခြင်းဖြစ်ပါတယ်။ နောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေရရှိဖို့ နည်းပညာတွေ တိုးတက်ရရှိစေဖို့နဲ့ ပြည်ပပို့ကုန်တွေ ပိုပြီး တိုးတက်ထုတ်လုပ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့လည်း ကျင်းပပြုလုပ်ခြင်းဖြစ်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲမှာတော့ ဒုတိယဝန်ကြီးတွေ ဦးဆောင်ပြီး UMFCCI ရော ပုဂ္ဂလိကလုပ်ငန်းရှင်တွေပါ စုစုပေါင်းကိုးဦး ပါဝင်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီစကားဝိုင်းဆွေးနွေးပွဲပြီးရင်တော့ နေ့လယ်ပိုင်းမှာ Panel Session ခြောက်ခုနဲ့ ဆွေးနွေးမှုတွေ ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီ Panel Session ခြောက်ခုမှာတော့ နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ဖို့အတွက် လယ်ယာကဏ္ဍ အဓိကသီးနှံတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုသီးနှံတွေ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးကဏ္ဍ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်း၊ ဘဏ္ဍာရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ရေးနဲ့ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြံပြုထားတဲ့စာတမ်း စုစုပေါင်း ၈၆ စောင်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီဆွေးနွေးမှုကနေ ထွက်ပေါ်လာတဲ့ရလဒ်တွေအပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အစိုးရပိုင်းကလည်း စီးပွားရေးဝန်းကျင်ကောင်းတွေ ဆောင်ရွက်ပေးနေသလို ပုဂ္ဂလိကလုပ်ငန်းရှင်တွေကလည်း မူဝါဒတွေ၊ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ UMFCCI လို အသင်းအဖွဲ့တွေ၊ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေနဲ့ အစိုးရအဖွဲ့အစည်းတွေ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်တဲ့ Public Private Partnership ပုံစံက တော်တော်အရေးကြီးပါတယ်။ ဒါတွေလုပ်နိုင်မှပဲ နည်းပညာမြင့် ထုတ်လုပ်မှုတွေကို တက်လှမ်းပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**ဦးသူရိန်**
**ဥက္ကဋ္ဌ**
**နေပြည်တော် MSME Association**

ဒီနေ့အခမ်းအနားဟာ နိုင်ငံတော်အတွက် အတိုင်းထက်အလွန်အကျိုးရှိပါတယ်။ အခမ်းအနားကျင်းပဖို့ ပြင်ဆင်နေတဲ့ကာလကတည်းက ကျွန်တော်တို့ လာရောက်ပူးပေါင်း ဆောင်ရွက်မှုတွေရှိပါတယ်။ အရင်တုန်းကဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းကပဲ အဓိကထားဆောင်ရွက်တာ ဖြစ်ပေမယ့် အခုပွဲကတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနဲ့ MSME၊ သမဝါယမနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနအားလုံး ပါဝင်ပူးပေါင်းပြီး နိုင်ငံ့စီးပွားမြှင့်တင်ရမယ့် ပွဲကြီးဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် မရှိမဖြစ်လိုအပ်တဲ့ ပွဲဖြစ်ပြီး Government Sector၊ Private Sector၊ Public Sector အားလုံး ပူးပေါင်း ဆောင်ရွက်ရမယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာ ဖြစ်ပါတယ်။ ဒီလိုပွဲမျိုးကို ပုံမှန် တစ်နှစ်တစ်ကြိမ်လောက် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပစေချင်ပါတယ်။

ဒီလို ဆွေးနွေးပွဲကနေပြီး စိုက်ပျိုးထုတ်လုပ်သူတွေ၊ မွေးမြူထုတ်လုပ်သူတွေ၊ ကုန်ကြမ်းကနေ တန်ဖိုးမြှင့် ထုတ်လုပ်သူတွေနဲ့ ဝန်ဆောင်မှုကဏ္ဍက လူတွေအားလုံးမှာ လက်ရှိကြုံတွေ့နေရတဲ့ အကျပ်အတည်းတွေကို နိုင်ငံတော်အကြီးအကဲက ရှင်းပြပေးခဲ့ပါတယ်။ Buy side နဲ့ Sell side အပြန်အလှန် သဘောတရားအရ ထုတ်လုပ်မှုနဲ့ supply နည်းပြီး demand များတဲ့အခါ ကုန်ဈေးနှုန်းကြီးတာကို အများနားလည်အောင် ရှင်းပြပေးခဲ့တဲ့အတွက် နောက်ပိုင်းမှာ အားလုံးကတာဝန်သိစိတ်နဲ့ ပူးပေါင်းဆောင်ရွက် ထုတ်လုပ်ရမယ်ဆိုတာ သိသွားကြပါပြီ။ ဆွေးနွေးပွဲက ထွက်လာမယ့် result တွေနဲ့ သုံးသပ်ချက်တွေကို ခြုံငုံပြီးရင် ဘယ်အရွေ့ကို သွားမလဲဆိုတာ ပေါ်လွင်လာမှာ ဖြစ်ပါတယ်။

တောင်သူတွေ အနေနဲ့ကတော့ ကုန်ကြမ်းထွက်လာတဲ့အချိန်မှာ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်တဲ့ စွမ်းအားတွေ နည်းပါးတဲ့အတွက် ပြည်ပကို ကုန်ကြမ်း (raw) အနေနဲ့ပဲ ပို့နေရပါတယ်။ မြေပဲ၊ နှမ်းနဲ့ ပဲတွေ ပြည်ပပို့တဲ့အခါ အရည်အသွေး (quality) ကျဆင်းလာတာတွေ၊ နှမ်းကို ဆီအနေနဲ့ မကြိတ်ဘဲ ပြည်ပကို ကုန်ကြမ်းအတိုင်းပို့တာတွေကို နိုင်ငံတော်အကြီးအကဲက မီးမောင်းထိုးပြခဲ့တဲ့အတွက် တောင်သူတွေရော ဆီစက် လုပ်ငန်းရှင်တွေပါ ဘယ်လိုလုပ်ရမလဲဆိုတာ ပိုပြီး ကွက်ကွက်ကွင်းကွင်း မြင်လာပါပြီ။ ဒါကြောင့် ကုန်ကြမ်းကို ပြည်ပပို့တာထက် ကုန်ချောပို့နိုင်တဲ့အဆင့်အထိ ကြိုးစားဆောင်ရွက်ဖို့ လိုပြီဆိုတာကို ပြည်သူတွေရော ထုတ်လုပ်သူတွေပါ သိရှိသွားမှာ ဖြစ်ပါတယ်။

MSME ကဏ္ဍနဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ပြောကြားချက်ထဲမှာပါတဲ့ "ထုတ်လုပ်နိုင်တာထက် ရောင်းနိုင်တဲ့ ထုတ်ကုန်ဖြစ်အောင်လုပ်ဖို့နဲ့ ရောင်းနိုင်တာထက် တန်ဖိုးမြှင့်တဲ့ထုတ်ကုန်ဖြစ်အောင်လုပ်ဖို့" ဆိုတဲ့ စကားလေးကိုအလွန်သဘောကျပါတယ်။ ကုန်ကြမ်း ရောင်းနေတာထက် ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရင် တန်ဖိုးတွေမြင့်လာပြီး GDP လည်း တက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး တောင်သူတွေအနေနဲ့လည်း ပုံမှန်ထုတ်လုပ်နိုင်စွမ်းထက် ပိုပြီးထုတ်လုပ်ရမယ်၊ သီးနှံအရည်အသွေးတွေ ပိုမြင့်အောင် ထုတ်လုပ်ခြင်းအားဖြင့် တောင်သူတွေရဲ့ဝင်ငွေတွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။

**ဦးစိုးသန်း**
**အတွင်းရေးမှူး**
**ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း ပေါက်ခေါင်းမြို့နယ်**

ကျွန်တော့်အနေနဲ့ လက်ရှိမှာ ကြံ ဧက ၂၀ လောက် စိုက်ပျိုးထားပါတယ်။ ကြံသီးနှံကို အနှစ် ၃၀ လောက် အစဉ်အဆက် စိုက်ပျိုးလာခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုလက်ရှိ စိုက်ပျိုးတဲ့အနေအထားက တဖြည်းဖြည်းကြာလာတော့ အထွက်နှုန်းတွေ လျော့ကျလာပါတယ်။ ဒီလိုလျော့ကျလာတော့ မြေဩဇာဈေးနှုန်းတွေ ကြီးမြင့်မှုနဲ့ စိုက်စရိတ်ကုန်ကျတာတွေ များလာပါတယ်။ ဒီအတွက် စက်ရုံတွေရဲ့ဝယ်ယူမှုဈေးကွက်နဲ့ ကျွန်တော်တို့ စိုက်ပျိုးတဲ့အခြေအနေအရ အကျိုးအမြတ်နည်းလာတာပေါ့။ ဒါကြောင့် ဒီနေ့ လယ်ယာကဏ္ဍ၊ သီးနှံကဏ္ဍ အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲမှာ ကျွန်တော်တို့ အခက်အခဲတွေ ဖြေရှင်းနိုင်ဖို့အတွက် တက်ရောက်လာတာ ဖြစ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ အခမ်းအနားကြီးမှာ ဆွေးနွေးပွဲတွေလည်း ပါဝင်တယ်လို့ သိရပါတယ်။ ပညာရှင်တွေက နိုင်ငံတော်အဆင့် ဆွေးနွေးကြတာဆိုတော့ သကြားစက်ရုံတွေရော၊ ကျွန်တော်တို့ တောင်သူတွေပါ အကုန်လုံး တစ်ဦးနဲ့တစ်ဦး ညီညွတ်မျှတတဲ့ အကျိုးခံစားခွင့်တွေ ရရှိမယ်လို့ မျှော်လင့်ပြီး တက်ရောက်လာကြတာဖြစ်ပါတယ်။ ဒီပွဲကရရှိတဲ့ ဗဟုသုတတွေအပြင် တောင်သူတွေအနေနဲ့လည်း နိုင်ငံတော်က ချမှတ်တဲ့ မူဝါဒတွေနဲ့အညီ အထွက်နှုန်းတွေ တိုးအောင် လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီပွဲကနေရရှိလာတဲ့ ဗဟုသုတနဲ့ အသိပညာတွေကိုလည်း တောင်သူတွေကိုပြန်လည်ပြီး မျှဝေပေးသွားမှာဖြစ်ပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်**
**အထွေထွေအတွင်းရေးမှူးချုပ်**
**UMFCCI**

ဒီနေ့ အလုပ်ရုံဆွေးနွေးပွဲမှာ အဓိကသီးနှံ၊ စက်မှုသီးနှံ၊ စက်မှုကုန်ထုတ်၊ ဘဏ္ဍာရေး၊ ပို့ကုန်တိုးမြှင့်ရေးနဲ့ ရေထွက်ကုန်ဆိုပြီး ကဏ္ဍခြောက်ခုရှိပါတယ်။ အဲဒီကဏ္ဍခြောက်ခုစလုံးမှာ ကျွန်မတို့ ကုန်သည်စက်မှုအသင်းချုပ် အနေနဲ့ စာတမ်း ၂၄ စောင် တင်သွင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ စာတမ်းတွေမှာ စာတမ်းရှင်က သူလုပ်ကိုင်တဲ့လုပ်ငန်းရဲ့ ရှေ့ငါးနှစ် plan ကို ရေးဆွဲတင်ပြထားပါတယ်။ စာတမ်းရဲ့ရည်ရွယ်ချက်၊ စာတမ်းရှင်ရဲ့ သက်ဆိုင်ရာ sector အလိုက် အကြံပြုချက်နဲ့ သုံးသပ်ချက်၊ ပြီးရင် ရှေ့လုပ်ငန်းစဉ်တွေ ပါဝင်ပါတယ်။ ရှေ့လုပ်ငန်းစဉ်မှာ ကာလတို၊ ကာလလတ်၊ ကာလရှည်ဆိုပြီး ခွဲခြားထားပါတယ်။ အဲဒီသုံးသပ်ချက်တွေကို စုစည်းပြီး မနက်ဖြန်နေ့လယ်ပိုင်းမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ အတူ ပြန်လည်ဆွေးနွေးနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ထုတ်ကုန် GDP တိုးတက်ဖို့အတွက် အဓိက လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး ဆက်စပ်နေတဲ့အသင်းအဖွဲ့ ကိုယ်စားလှယ်တွေ လာရောက်ဆွေးနွေးကြတာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ထုတ်ကုန်တွေ တိုးတက်လာမယ်ဆိုရင် စိုက်ပျိုးရေးလုပ်တဲ့ တောင်သူလယ်သမားတွေရော သားငါးမွေးမြူရေး လုပ်ငန်းရှင်တွေပါ အကုန်လုံးအကျိုးရှိမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးဖန်တီးပေးနိုင်မှာဖြစ်သလို ဒီလိုထုတ်လုပ်မှုတိုးတက်အောင် လုပ်ခြင်းအားဖြင့် နိုင်ငံရဲ့ GDP လည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ရေရှည်မှာ ဒါတွေဖြစ်လာအောင် အားလုံး ပူးပေါင်းလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ GDP တိုးတက်လာရင် စားဝတ်နေရေးလည်း အဆင်ပြေလာမယ်၊ ကုန်ဈေးနှုန်းတွေနဲ့ inflation (ငွေကြေးဖောင်းပွမှု) တွေလည်း ကျဆင်းသွားမှာ ဖြစ်ပါတယ်။ အားလုံး အတူတကွပူးပေါင်းလုပ်ဆောင်မယ်ဆိုရင် အောင်မြင်မှာ ဖြစ်ပါတယ်။

**ဦးနိုင်နိုင်**
**တောင်သူ**
**ရေတာရှည်မြို့နယ်**
**ပဲခူးတိုင်းဒေသကြီး**

ဒီနေ့အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးက အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲရဲ့ ဦးတည်ချက်တွေ၊ ရည်မှန်းချက်တွေကို အဖွင့်မိန့်ခွန်းထဲမှာ ထည့်သွင်းပြောကြားသွားတာတွေ ရှိပါတယ်။ မိန့်ခွန်းထဲမှာ ပါတဲ့အတိုင်းသာ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုရင် ဒီဆွေးနွေးပွဲကနေ အကျိုးရလဒ်ကောင်းတွေ အများကြီးရရှိမယ်လို့ မျှော်မှန်းပါတယ်။ မြန်မာနိုင်ငံလို စိုက်ပျိုးရေး အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ လယ်ယာကဏ္ဍဟာ အဓိကကျတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ လယ်ယာကဏ္ဍကို အခြေခံထားတဲ့ လုပ်ငန်းစဉ်တွေကနေပြီး စက်မှုလုပ်ငန်းတွေ၊ ရောင်းဝယ်ရေးလုပ်ငန်းစဉ်တွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကို ဆက်စပ်ပြီး အကောင်အထည်ဖော်သွားမယ်ဆိုရင် နိုင်ငံ့စီးပွားရေး တိုးတက်လာမယ်လို့ မျှော်မှန်းပါတယ်။ တောင်သူတွေရဲ့ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူတွေ လိုအပ်နေတဲ့ ငွေကြေး ရင်းနှီးမြှုပ်နှံမှုအပိုင်းတွေ၊ နည်းပညာ အခက်အခဲတွေနဲ့ ရောင်းဝယ်လုပ်ငန်းစဉ်တွေ စတဲ့ အပိုင်းတွေကို ဖြည့်ဆည်းပေးမယ်ဆိုရင် တောင်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီဆွေးနွေးပွဲကနေပြီး တောင်သူတွေ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်
ဓာတ်ပုံ - ကိုကြီးထိန်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထား မိတ္တူများပူးတွဲလျက် ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## မော်လမြိုင်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးပြီး ပင်စင်လစာများ ထုတ်ပေး



**မော်လမြိုင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ် အတွင်း နိုင်ငံတော်အတွက် အရေးပါသော အခန်းကဏ္ဍမှ နှစ်ပေါင်းများစွာ တာဝန် ထမ်းဆောင်ခဲ့သော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပင်စင်လစာများ ထုတ်ပေးခြင်းနှင့် အခြေခံ စားသောက်ကုန် များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁)၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီနှင့် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းပင်စင်စားများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက စနစ်တကျ ပင်စင်လစာ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အငြိမ်းစား ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီး မျိုးဆွေ ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ပြည်နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ရွှေဆံတော်ဘုရားအရှေ့ဘက်မုခ် အမေကြည်ကုန်းစောင်းတန်းတွင် တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဦးနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မျိုးလှိုင် (တွံတေး)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တော်ဝင်ရတနာလမ်းမကြီးဘေးရှိ ပြည်တော်အေးဘုရားနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အလက (၃) တို့၌ စည်ပင်သာယာရဲတပ်ဖွဲ့(နေပြည်တော်)မှ တပ်ဖွဲ့မှူး ရဲမှူးကြီးတင့်လွင်ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၄၅ ဦးတို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်ကို(ပုဗ္ဗသီရိ)





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းမီးရထားရပ်ကွက် မြန်မာ့မီးရထားဆေးခန်းတွင် စက်တင်ဘာ ၂၀ ရက်က အမှတ်(၃) ရထားတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခင်မောင်သန်း ဦးစီး၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြတ်မြတ်အေး(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၀)ရပ်ကွက် ပုဏ္ဏာမီလမ်းနှင့် ကွမ်းအပ်သားမင်းသားလမ်းထောင့်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာ၌ စက်တင်ဘာ ၂၁ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ခိုင် ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မတ္တရာမြို့ အောင်မြေသုခဘုန်းတော်ကြီးကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်၊ စခန်းမှူး ဒုရဲမှူးကျော်ဦးနှင့်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ရွှေရာသား



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



## ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများက ဆေးကုသမှုဆောင်ရွက်ပေး

ဟားခါး စက်တင်ဘာ ၂၁

ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာချမ်းငြိမ်းမောင် ဦးဆောင်မှုဖြင့် ဟားခါးမြို့ ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသမှုအဖွဲ့က ဆေးကုသမှုဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်အရ ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ယခုကဲ့သို့ ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ကွင်းဆင်း၍ ဆေးကုသပေးခြင်းဖြစ်ပြီး ထိုသို့ ဆေးကုသပေးနေမှုကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက အဖွဲ့ဝင်က သွားရောက်ကြည့်ရှုအားပေးကာ ပင်စင်လာရောက်ထုတ်ယူနေကြသည့်နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## အင်္ဂပူမြို့နယ်၌ သမဝါယမအသင်းစုလီမိတက်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



အင်္ဂပူ စက်တင်ဘာ ၂၁

ဧရာဝတီ တိုင်းဒေသကြီး အင်္ဂပူမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ် တင်မြှောက်ခြင်းကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဦးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်တို့က အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာအား တင်ပြခြင်း၊ အသင်းသား စာရင်းစစ်အစီရင်ခံစာတင်ပြခြင်း၊ ရှေ့လုပ်ငန်းစဉ်များ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက်အသင်းစု၏ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်အဖွဲ့ရွေးချယ်ခြင်း၊ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ကျုံပျော် - မှန်ကုန်းလမ်း ပျက်စီးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး



ကျုံပျော် စက်တင်ဘာ ၂၁

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်၍ပျက်စီးခဲ့ရသော ကျုံပျော်-မှန်ကုန်းလမ်း ကျောက်လမ်းပျက်စီးနေမှု အခြေအနေကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင်သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်၊ ဧရာဝတီ တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ် တာဝန်ခံများက လမ်းပျက်စီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး အင်ဂျင်နီယာချုပ်က လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် နှစ်နှစ်နီးပါးရပ်နားထားသည့် ဖလမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာများ ပြန်လည်ထုတ်ပေး

ဖလမ်း စက်တင်ဘာ ၂၁

အကြမ်းဖက် ဖြစ်စဉ်များကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ဖလမ်းမြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းများ ယာယီရပ်နားထားခဲ့ရပြီး ၂၀၂၆ ခုနှစ် ဧပြီလတွင်ဖလမ်းမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်၍ ဇူလိုင် ၆ ရက်တွင် မြန်မာ့စီးပွားရေး ဘဏ်အား ပြန်လည်ဖွင့်လှစ် ဝန်ဆောင်မှုပေးနေရာမှ ယနေ့တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်လစာများကို ပထမဆုံးအကြိမ် ပြန်လည်ထုတ်ပေးပြီးသည်။



ထိုသို့ ထုတ်ပေးလျက်ရှိရာ မြို့ပြပင်စင်၊ နိုင်ငံရေးပင်စင်၊ ကာကွယ်ရေးပင်စင်၊ ရဲပင်စင်နှင့် ဘဏ်ပင်စင်များ အားလုံးကို ထုတ်ပေးနေခြင်း ဖြစ်ပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြီး ပင်စင်မထုတ်ယူခဲ့သူများအနေဖြင့် ဖလမ်းဘဏ်တွင်လာရောက်ကာ ပင်စင်ထုတ်ယူခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ပင်စင်ထုတ်ယူမည့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် လစဉ် ၁ ရက်မှ ၁၈ ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်၊ ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များသည် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပင်စင်လာရောက်ထုတ်ယူသော အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆူရဲဘုန်လေဆိပ်သို့ သွားရောက်ကာ လေဆိပ်ပင်မအဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်၊ လေဆိပ်ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ စက်ပစ္စည်းများ ပျောက်ဆုံးပျက်စီးမှုအခြေအနေ၊ လေယာဉ်ပြေးလမ်း အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်းပညာသိပ္ပံ ဌာနမှူး ဦးသန်းမြင့်ကျော်က ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ပြုပြင်ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆူရဲဘုန်လေဆိပ်သည် ချင်းပြည်နယ်၏ ပထမဆုံးလေကြောင်းဝင်ပေါက်အဖြစ် ငွေကျပ် ၄၃ ဒသမ ၇၉ ဘီလီယံဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၇ ရက်တွင် ပထမဆုံးအဖြစ် ATR 72 လေယာဉ် စမ်းသပ်ဆင်းသက်ခဲ့ပြီး ယခုအခါ အကြမ်းဖက်ဖြစ်စဉ်များကြောင့် လေယာဉ် အဆောက်အအုံများ တစ်စိတ်တစ်ပိုင်း ပျက်စီးပြီး စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးသွားသည့်အတွက် နိုင်ငံတော်အတွက် သာမက ဒေသခံပြည်သူများအတွက် ကြီးမားသည့်ဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒုတိယဝန်ကြီးများ ဦးဆောင်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်သည့်ကော်မတီဝင်များ၏အနီးကပ်ကြီးကြပ်မှုဖြင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

## မြဝတီမြို့နယ် သဃ်နီးညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေးအခမ်းအနား ကျင်းပ

မြဝတီ စက်တင်ဘာ ၂၁

ကရင်ပြည်နယ် မြဝတီမြို့ သဃ်နီးညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အထောက်အကူပြုစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် အမှတ်(၅) ရပ်ကွက် ရေပူမွေးမြူရေးဇုန်ရှိ ရေပူဝက်မျိုးပွားခြံ၌ သားခွဲဝက်များ ထောက်ပံ့ခြင်းအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင့်လွင်က သဃ်နီးညီနောင်ကျေးရွာနေပြည်သူများက တစ်ပိုင်တစ်နိုင်လုပ်ကိုင်နေသည့် ရေပူမွေးမြူရေးဇုန်ရှိ ဝက်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က သဃ်နီးညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် သားခွဲဝက်များနှင့် မွေးမြူရေးခြံဖျန်း ပိုးသတ်ဆေးများ ထောက်ပံ့ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက သားခွဲဝက်များ၊ မွေးမြူရေးခြံဖျန်းပိုးသတ်ဆေးများကို သဃ်နီးညီနောင်ကျေးရွာနေပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



# ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့်ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားသည်။ အလားတူ အဆိုပါ ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂)နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျားပေ ၁၆၀ နှင့် အနံ ၁၅ ပေခန့် ထပ်မံ၍ တာပြိုကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တုတ်တန်းရိုက်၊ သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့် တာခြေထောက်ခြင်းနှင့် ယာယီပန်းတာ တည်ဆောက်ခြင်း၊ သံမဏိကြိုးဆိုင်း ရေကာဆောင်ရွက်ခြင်း၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ခြင်း၊ ရေနက်ပိုင်း ရေစီးနှုန်းနှင့် ရေဦးထိုးမှု လျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်းစသည့် လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အလားတူ ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ် ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေး ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ကေလျှင် အစို ၁၂၈ တင်း ထွက်ရှိ

ညောင်လေးပင် စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့တွင် ဘိုင်းဒါးကျေးရွာရှိ တောင်သူ ဦးအောင်ဝင်းသိန်း၏ မိုးစပါးဆင်းသုခစိုက်ခင်း ၁၃ ကေ၌ ပြုလုပ်သည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်စိုက်/ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက တက်ရောက်အားပေးကြပြီး စံကွက်များရိတ်သိမ်းခဲ့ရာ တစ်ကေလျှင် အစို ၁၂၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## ကျောင်းကုန်းမြို့နယ် ဝက်ချောင်းရွာအဝင်လမ်း ပျက်စီးနေမှု ကွင်းဆင်းစစ်ဆေး

ကျောင်းကုန်း စက်တင်ဘာ ၂၁

ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့ရသော ဝက်ချောင်းရွာအဝင်လမ်း ကျောက်လမ်း ပျက်စီးနေမှုအခြေအနေကို ယမန်နေ့က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးရာ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် Box Culvert ထည့်သွင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)



## အုတ်တွင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးလျက်ရှိ



အုတ်တွင်း စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးအဖွဲ့များက အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျ လွှဲပြောင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ခင်ခင်မာ(ပြန်/ဆက်)

## အလှူငွေများ လှူဒါန်းပွဲနှင့် ပလတ်စတစ်ကြိုးပြားဖြင့် ခြင်းတောင်းထိုးနည်း သင်တန်းဖွင့်

ရွှေပြည်သာ စက်တင်ဘာ ၂၁

ရန်ကုန် တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့က ရွှေပြည်သာမြို့နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)သို့ အလှူငွေများ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများ လှူဒါန်းပွဲနှင့် ပလတ်စတစ်ကြိုးပြားဖြင့် ခြင်းတောင်းထိုးနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ကြည့်ရှုအားပေး**

လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ(ရန်ကုန်) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးထံ အလှူငွေကျပ် သုံးသိန်းနှင့် စားသောက်ကုန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူကုန်ကူးခံရသည့်အမျိုးသမီးငယ်ရှစ်ဦးအား ပလတ်စတစ်ကြိုးပြားဖြင့် ခြင်းတောင်းထိုးနည်း သင်တန်းပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**



## ချမ်းအေးသာစံမြို့နယ်၌ အမက(၄၁) ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**မန္တလေး စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ ထိုင်ဝမ်ပြန်ကျောင်းသားများအသင်းချုပ်က ဆောက်လုပ်လှူဒါန်းသော အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်း (၇၀ x ၃၀) ပေ Steel Structure နှစ်ထပ် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို အဆိုပါကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဖွင့်လှစ်**

ဦးစွာ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်၊ မဟာအောင်မြေခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်ဝမ်ပြန် ကျောင်းသားများအသင်းချုပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



ထို့နောက် ထိုင်ဝမ်ပြန် ကျောင်းသားများ အသင်းချုပ်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ဂျူဒိုပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို နေပြည်တော်ကောင်စီမှ ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂၁**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ဂျူဒိုပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား နေပြည်တော်ကောင်စီမှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် ရွှေနှစ်ခု၊ ငွေကိုးခု၊ ကြေးကိုးခု၊ စုစုပေါင်းအခု ၂၀ ရရှိခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အဆင့် ၁၃ သာရရှိခဲ့သည်။ ယခု ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အားကစားနည်း ၃၃ မျိုး ကျင်းပမည်ဖြစ်ကာ လက်ရှိဂျူဒိုပြိုင်ပွဲအထိ အားကစားနည်း ၁၂ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၆ ခု စုစုပေါင်း ၂၅ ခုရရှိထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အဆင့် ၁၀ တွင် ရပ်တည်လျက်ရှိကြောင်း၊ နေပြည်တော် လက်ရွေးစင်အားကစားသမားများအနေဖြင့် ချမှတ်ထားသည့် ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်း ဥပဒေဘောင်အတွင်းကနေ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် တရားမျှတစွာ ယှဉ်ပြိုင်အနိုင်ယူပြီး ဆုတံဆိပ်များ ဆွတ်ခူးပေးသည့်အတွက် နေပြည်တော်ကောင်စီမှ ဂုဏ်ပြုမှတ်တမ်းတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ဂျူဒိုပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်း တတိယအကြိမ်(၃/၂၀၂၆)ဖွင့်ပွဲကို နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

---

## International Youth Football in Niigata

## နိုင်ငံတကာဖိတ်ခေါ် လူငယ်ပြိုင်ပွဲ နောက်ဆုံးပွဲတွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၁**

(၂၈)ကြိမ်မြောက် International Youth Football in Niigata နိုင်ငံတကာဖိတ်ခေါ် လူငယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့တွင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စု နောက်ဆုံးပွဲအဖြစ် နီဂါတာ လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ နီဂါတာ လက်ရွေးစင်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပိုင်းတွင် ပင်နယ်တီကန်ခွင့်ရသော်လည်း ဘားတန်းထိထွက်ခဲ့သဖြင့် နှစ်ဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို လေးသင်း ပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာအသင်းသည် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်ရရှိခဲ့သည်။ မြန်မာအသင်းသည် နယူးဇီလန် ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဂျပန် ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းကို လေးဂိုး-နှစ်ဂိုး၊ နီဂါတာလက်ရွေးစင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

**ချစ်ကိုကို**

---

★ **ကျောဖုံးမှ**

လွှင့်ထူ၍ ဂုဏ်ယူဝင့်ကြွားစွာ ဆုရစင်မြင့်ထက်၌ မှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်တက်ဂ်ဘော အားကစားသမားများ၏ အာရှအဆင့် ယှဉ်ပြိုင်နိုင်သောစွမ်းရည်ကို ပြသနိုင်ခဲ့သည့် အောင်မြင်မှုတစ်ရပ်လည်း ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် တက်ဂ်ဘောအသင်းမှ နည်းပြများနှင့် အားကစားသမားများသည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာထက်ခိုင်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့သည်။

ဆက်လက်၍ အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်တက်ဂ်ဘောအသင်းအား နိုင်ငံတော်ကပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၆၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၆၀၀ နှင့် မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ်က ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၆၀၀ စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၈၀၀ ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် မြန်မာနိုင်ငံ တက်ဂ်ဘော အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာထက်ခိုင်ဝင်းတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**သထုံ စက်တင်ဘာ ၂၁**

မွန်ပြည်နယ် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက သထုံမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး အားကစားအသင်းအဖွဲ့များက ဧည့်သည်တော်များအား ချီတက်ဂါရဝပြုကြကာ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကြမည့် ကတိုက်ကလေးကျေးရွာကိုယ်စားပြုအသင်းနှင့် နောင်ကုလား ကျေးရွာကိုယ်စားပြုအသင်းတို့ ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စတင်ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပါဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သထုံမြို့နယ်မှ အသင်း ၁၄ သင်းနှင့် ပေါင်မြို့နယ်မှ ခုနစ်သင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

✶ **FIFA မှ**

မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း (ရန်ကုန်စီးတီး)၊ ကောင်းခန့်ကျော် (ဟံသာဝတီယူနိုက်တက်)၊ ဟိန်းထက်အောင် (မီလာကာ-မလေးရှား)၊ ရှေ့တန်း- ပြည့်စုံအောင် (သစ္စာအားမာန်)၊ ဝင်းနိုင်ထွန်း (ရန်ကုန်စီးတီး)၊ သန်းပိုင် (ရန်ကုန်ယူနိုက်တက်) တို့ ပါဝင်ကြသည်။ မောင်မောင်လွင်နှင့် ဟိန်းဖြိုးဝင်းမှာမူ ဒဏ်ရာပြဿနာများကြောင့် ယခုပြိုင်ပွဲ လွဲချော်မည်ဖြစ်သည်။

ပထမဆုံးအကြိမ်ကျင်းပမည့် FIFA-Asean Cup 2026 ပြိုင်ပွဲကို အဆင့်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဟောင်ကောင်၌ ကျင်းပမည့် Division 2 ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ Division 2 ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(A)တွင် အိမ်ရှင်ဟောင်ကောင်၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(B)တွင် ကမ္ဘောဒီးယား၊ မြန်မာ၊ တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၂၄ ရက်တွင် တီမောအသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုနှစ်ခုမှ ထိပ်ဆုံး တစ်သင်းစီသာ ဗိုလ်လုပွဲ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်ခွင့်ရရေး အုပ်စုပထမနေရာရရန် လိုအပ်နေသည်။

**ကိုညီလေး**

❖ **အာရှမှ**

နည်းပြချုပ် ကောလင်းဘဲလ်၏ လူထုတ်ပုံ၊ နည်းဗျူဟာပိုင်း မေးခွန်းထုတ်ရမည်ဖြစ်သလို ကစားသမားများ၏ စွမ်းဆောင်ရည်မှာလည်း အနိုင်ရရန် မလုံလောက်ခဲ့ပေ။ ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများလည်း လွဲချော်ခဲ့သဖြင့် မြန်မာအသင်း နစ်နာခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် အိစန္ဒာဇော်(ဂိုး)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ဝင်းသိင်္ဂီထွန်း၊ စုစုကြည်၊ ခင်မာလာထွန်း၊ ဝင်းဝင်း၊ မေထက်လူ၊ လင်းမြင့်မိုရ်၊ ရွှေရည်ထွန်းတို့ကို အသုံးပြုခဲ့ပြီး ကစားသမားအချို့မှာ ပုံမှန်မဟုတ်သည့်နေရာများတွင် ကစားရသဖြင့် အသင်းလိုက်ကစားပုံ မကောင်းခဲ့ပေ။ ယခုပွဲ အနိုင်ရသည့်အသင်းမှာ နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်ချက်ရှိသောကြောင့် နှစ်သင်းစလုံး အားထုတ်ကစားခဲ့သည်။ ရောဝတီကစားသမားဟောင်း ရီတူဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်တိုက်စစ်မှာ မြန်မာအသင်းခံစစ်ကို အခက်တွေ့အောင် လုပ်နိုင်သော်လည်း ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ မြန်မာအသင်းအနေဖြင့် ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးအချို့ရသော်လည်း လွဲချော်ခဲ့ပြီး ပထမပိုင်းတွင် ဝင်းသိင်္ဂီထွန်း၏ အပိုင်ခေါင်းတိုက်ချက်၊ ဒုတိယပိုင်းတွင် မြတ်နိုးခင်၏ အနီးကပ်ကန်သွင်းမှုများမှာ ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။

မြန်မာအသင်းသည် အုပ်စုသုံးပွဲကစားရာတွင် တစ်ပွဲသရေ၊ နှစ်ပွဲရှုံး တစ်မှတ်သာရခဲ့ပြီး နိုင်ပွဲမရှိ၊ သွင်းဂိုးမရှိဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မြောက်ကိုရီးယားအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - MFF**

✣ **ပီအက်စ်ဂျီမှ**

ပီအက်စ်ဂျီအသင်းဟာ မာဆေးလ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်ပထမတန်းဖလား ပွဲစဉ်(၅) ယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်ရှစ်မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၆)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မာဆေးလ်အသင်းကတော့ ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ်(၅)အပြီး အဆင့်(၁၇)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၅၀

၁။ ဒေါ်ခင်သိန်းဝင်း နှင့် ဒေါ်ကျင်ရီ
၂။ ဒေါ်အိအိခိုင်

**(တရားလိုများ)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်–(၉၈၆) နေ ဒေါ်ကျင်ရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **“ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၅)ဘိုကုန်း၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ (၀.၀၃၄) ဧကရှိ ဘိုးဘွားပိုင်မြေကွက်အား မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁–က)စာရင်းတွင် ဦးကိုကိုကြီးနှင့် မစောရင်တို့ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဦးကိုကိုကြီး ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ မစောရင်တစ်ဦးတည်းကျန်ရှိပြီး ဒေါ်စောရင်ထံမှ ဦးလှတင်နှင့် ဒေါ်အုန်းကြည်တို့သည် အိမ်နှင့်မြေယာအရောင်းအဝယ် (အရပ်ကတိ) စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဒေါ်အုန်းကြည် ထပ်မံကွယ်လွန်သွားသဖြင့် ခင်ပွန်းဖြစ်သူ ဦးလှတင်သာ ကျန်ရှိပြီး ဦးလှတင်ထံမှ ဦးမောင်ကိုကိုနှင့် ဒေါ်ခင်မြင့်ရီတို့မှ မြေနှင့်အိမ်အရောင်းအဝယ် (အရပ်ကတိ)စာချုပ်ဖြင့် ထပ်မံဝယ်ယူခဲ့ပါသည်။ ဦးမောင်ကိုကို ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်ရီသာကျန်ရှိပြီး ဒေါ်ခင်မြင့်ရီထံမှ ဒေါ်ရင်ကြည်သည် မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်–၈၀/၁၉၉၆ အရ ဒေါ်ရင်ကြည်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးကွန်ဘနှင့် မိခင်ဖြစ်သူဒေါ်ရင်ကြည်တို့ အသီးသီးကွယ်လွန်သွားကြသဖြင့် ၎င်းတို့တွင် တစ်ဦးတည်းသောသားဖြစ်သူ ဦးစိုးမြင့်သာ ကျန်ရှိကြောင်းကို မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်စာချုပ်အမှတ်–၃၆၅/၂၀၂၆ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် မှတ်ပုံတင်စာချုပ်အမှတ်–၃၆၆/၂၀၂၆ တို့အရ အမွေဆက်ခံပိုင်ဆိုင်ထားပြီးဦးစိုးမြင့်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးပါရန် ဤရုံးသို့ တင်ပြလျှောက်ထားလာပါသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးစိုးမြင့်မှအမည်ပြောင်းလဲပေးရန်လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၂)၊ ဦးပိုင်အမှတ်(၂–ဌ)ခဲစင်း၊ ၆၆ လမ်း၊ ၃၄x၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးအောင်ကျော်ဝင်း၊ ဒေါ်အေးမြတ်ကိုကိုတို့ (၂)ဦးအနက် ဦးအောင်ကျော်ဝင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၇၁၈/၂၀၁၃)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သူ ဒေါ်အေးမြတ်ကိုကို [၉/မဟမ(နိုင်)၀၃၂၈၁၆]က အမှုတွဲအမှတ်(၂၅၅၄/ ၂၀၂၆–၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၂)၊ ဦးပိုင်အမှတ်(၂–ဋ)၊ ၆၆ လမ်း၊ ၃၄x၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးအောင်ကျော်ဝင်း၊ ဒေါ်အေးမြတ်ကိုကိုတို့(၂)ဦးအနက် ဦးအောင်ကျော်ဝင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၇၁၉/၂၀၁၃)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်အေးမြတ်ကိုကို [၉/မဟမ(နိုင်)၀၃၂၈၁၆]က အမှုတွဲအမှတ်(၂၅၅၅/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၇)၊ ဦးပိုင်အမှတ်(၁၁၁)၊ ၇၁x၇၂ ကြား၊ ၂၉x၃၀ လမ်းကြားရှိ ဦးဝင်စတင်အားသာဗာဒင်နှင့် ဒေါ်လှဝင်းကြည် အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးဝင်စတင်အားသာဗာဒင် ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူဇနီး ဒေါ်လှဝင်းကြည် [၉/မရမ(နိုင်)၀၁၂၅၂၀]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ ဥက္ကာ (၄) လမ်း၊ မြေကွက်အမှတ်–၉၆ ဟုခေါ်တွင်သော မြေအကျယ် (၄၀x၆၀) ပေရှိ ဦးစံမြအောင် [၁၂/လမန(နိုင်)၁၀၈၇၇၄] အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀) ဂရန်မြေကွက်ကြီးထဲမှ မြေအကျယ် (၁၇ x ၆၀) ပေရှိ (မြေရင်းဘက်ခြမ်း) မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်တစ်လုံးအပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ဥမ္မာမြင့်[၁၂/ဥကမ(နိုင်)၀၁၇၁၅၆]မှ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ထွဋ် [၁၂/သဃက(နိုင်) ၁၅၄၇၈၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအေး (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၅၀၄၀၆၉၄၊ ၀၉–၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ–၄၄၄၁)၊ မြေဧရိယာ(၀.၀၈၂) ဧကရှိ ဒေါ်စိုးစိုးထက်(ဘ) ဦးတင်စိုး(ခ)တန်ကျင့်ရန်[၉/လဝန(နိုင်)၁၆၁၁၃၁] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စိုးစိုးထက်မှ ဒေါ်တင်အေးခိုင် (ဘ) ဦးသောင်းတင်[၉/ပသက(နိုင်)၁၁၉၃၄၅]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၀၄)၊ ဦးပိုင်အမှတ်(၂၄–ဃ)၊ မီးခြစ်စက်ရုံလမ်း မျက်နှာပြူ ၂၂လမ်းx၁၉လမ်းကြားရှိ ဂရန်မြေကွက်အားအမည်ပေါက်သူ ခင်ပွန်း ဦးမောင်ဌေး ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်မိုးသန့် [၉/မနမ(နိုင်)၀၅၆၇၆၅]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ–၃၇)၊ ဦးပိုင်အမှတ်(၆)၊ ၅၇x၅၈ ကြား၊ ၁၂၇x၁၂၈ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူဒေါ်လီရှောက်ယို(ခ)လီရှောင်ယို [၁၃/ လကန(နိုင်)၀၀၆၃၂၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၁၃၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြူကြူလှိုင် [၁၃/လကန(နိုင်) ၀၀၄၇၄၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၁၂)၊ ဦးပိုင်အမှတ်(၉၈)၊ ၄၈x၄၉ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေအေးဝင်း [၉/မနတ(နိုင်)၀၇၈၉၂၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၇၃/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတွမ်ရင်ဝင်(ခ)တွမ်ရင်ရှန်း [၁၃/ကခန(နိုင်)၀၆၁၁၈၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်– ဘဘ–၇၊ ဦးပိုင်အမှတ်– ၁–က/၁၆၊ ၄၇x၄၈ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စုပိုပိုအောင် [၉/ခအဇ(နိုင်)၀၃၂၀၂၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်

ကျောက်မဲမြို့၊ ကျောက်မဲကြီးရွာနေ ဦးအောင်ခိုင်၏ သမီး ဒေါ်ဇင်ဇင်ယဉ် [၁၃/ကမန(နိုင်)၀၈၁၉၃၄]၏အမည်အား နိုင်ငံသားစိစစ်ရေးကတ်ပြား၌ ဒေါ်ဇင်ဇင်ယဉ်ဟုလည်းကောင်း၊ သမီး မယွန်းဝတီမျိုး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၌ မိခင်အမည် ဒေါ်ခင်ခင်ယဉ်ဟုလည်းကောင်း ကွဲလွဲနေရာ ဒေါ်ခင်ခင်ယဉ်နှင့်ဒေါ်ဇင်ဇင်ယဉ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်မှာ ဒေါ်ဇင်ဇင်ယဉ် ဖြစ်ပါကြောင်း။

**ဒေါ်ဇင်ဇင်ယဉ်**
**[၁၃/ကမန(နိုင်)၀၈၁၉၃၄]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက–၅)၊ ဦးပိုင်အမှတ်(၄၂–ခ)၊ ၅၅x၅၆ ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ရဲထွဋ် [၉/မနမ(နိုင်)၀၉၈၉၀၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၄၁)၊ ဦးပိုင်အမှတ်(၁၀)၊ ၄၁လမ်း၊ ၅၂လမ်းx မန္တလေး– ပြင်ဦးလွင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်ဌေးဌေးမြင့် [၉/မရမ(နိုင်)၀၀၈၃၁၆] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၃၉၆/၂၀၂၃)ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးရွှေကို[၈/ရစက(နိုင်)၁၃၄၇၁၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်–၆၀၄၊ ဧရိယာ (၂၅'x ၅၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၆)လမ်း၊ အိမ်အမှတ် (၆၀၄) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ၆–လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း ($11\frac{1}{2}$ x ၄၀)ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သီရိရတနာ [၇/ပတတ(နိုင်) ၁၁၈၆၅၆]ထံမှ ကျွန်မ ဒေါ်ခင်စန်းအေး [၁၄/ဘကလ (နိုင်)၀၇၀၁၈၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းအေး [၁၄/ဘကလ(နိုင်)၀၇၀၁၈၉]**
**ဖုန်း–၀၉–၈၆၉၃၀၉၅၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅–န/၁)၊ ဦးပိုင်အမှတ်(၁၀)၊ ၈၈ လမ်း၊ ၁၂x၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်ကြီး [၉/မနမ(နိုင်)၀၄၄၃၇၀]က အမှုတွဲအမှတ် (၂၅၅၁/၂၀၂၆–၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၂ ရပ်ကွက်၊ အကွက်အမှတ်–စ–၂၊ ဦးပိုင်အမှတ်–၂၃၊ ၆၆x၆၇ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးပြုံးမြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၁၁/၂၀၁၀)ဖြင့် ဦးကျော်ဝင်း၊ ဒေါ်စန်းရီတို့က ဝယ်ယူခဲ့ပြီး တရားလို ဒေါ်ခင်လှိုင်သင်းက တရားပြိုင် ဦးကျော်ဝင်းပါ ၂–(၎င်းတို့၏ SPရရှိသူ ဒေါ်ခင်စောထွေး)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၄၁/၂၀၂၆) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်လှိုင်သင်း [၁/မကန(နိုင်)၀၉၀၂၇၅]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၃၁–င)၊ ၁၆x၁၇ လမ်းကြား၊ ၆၂x၆၃ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်အေး [၉/မနမ(နိုင်)၀၅၆၃၆၉] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်–၆၆၅၊ ဦးပိုင်အမှတ်– ၃၊ ၄၀ လမ်းမျက်နှာပြူ၊ ၇၈x၇၉ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဝင်းမောင်(ဇနီး) ဒေါ်ညွန့်ညွန့်တို့ ၂ ဦးအနက် ခင်ပွန်း ဦးဝင်းမောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၆၉၉/၂၀၀၇)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်ညွန့်ညွန့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၁၃၉/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဦးလောခွ[၁/ဗမန(နိုင်) ၀၃၀၀၈၇]က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မချစ်သဲစု [၁၄/ညတန(နိုင်)၁၄၈၈၃၂] ကိုင်ဆောင်သူနှင့် ဦးမောင်မောင်လတ် [Designer Ko Latt (MIIL)] (လူပျိုကြီး) တို့သည် အမေတူမောင်နှမတော်စပ်ကြပြီး ဦးမောင်မောင်လတ်သည် (၁၁–၅–၂၀၂၅) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးမောင်မောင်လတ် သက်ရှိထင်ရှားရှိစဉ်က ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၄) ရပ်ကွက်၊ မြနန္ဒာ (၃) လမ်း၊ တိုက် (၆)၊ အခန်း (၀၀၆)၊ မြေညီ၊ မြနန္ဒာအိမ်ရာတိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၄) ရပ်ကွက်၊ မြနန္ဒာ(၃)လမ်း၊ တိုက် (၁၉)၊ အခန်း (၄၀၁)၊ မြနန္ဒာအိမ်ရာတိုက်ခန်း စုစုပေါင်းတိုက်ခန်း(၂)ခန်းကို ဦးမောင်မောင်လတ်မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တိုက်(၆)၊ အခန်း (၀၀၆)မြေညီတွင် ဦးမောင်မောင်လတ်နေထိုင်ပြီး တိုက် (၁၉)၊ အခန်း (၄၀၁) တွင် ညီမဖြစ်သူ မချစ်သဲစုအား ၂၀၂၂ ခုနှစ်မှစ၍ ၎င်း၏ခွင့်ပြုချက်ဖြင့် နေထိုင်စေခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိနေထိုင်လျက်ရှိပါသည်။ ဦးမောင်မောင်လတ်မှာ ၎င်းနေထိုင်ရာ တိုက်ခန်းတွင်ပင် ကွယ်လွန်ခဲ့ပြီးနောက်ပိုင်း ၎င်းပိုင်ဆိုင်ခဲ့သောတိုက်ခန်း (၂)ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအားလုံးမှာ ၎င်းနေထိုင်ရာ နေအိမ်တိုက်ခန်းတွင် ကျန်ရှိနေပြီး ၎င်းသက်ရှိထင်ရှားရှိစဉ်အခါက အထက်ဖော်ပြပါ တိုက်ခန်း(၂)ခန်းစလုံးကို အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လူသိရှင်ကြား တရားဝင်ပေးကမ်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ စွန့်လွှတ်ထားခြင်းများ မရှိခဲ့ပါ။ ထို့ကြောင့် ဦးမောင်မောင်လတ်ပိုင်ဆိုင်ခဲ့သော အဆိုပါတိုက်ခန်းများနှင့် ပတ်သက်၍ ဦးမောင်မောင်လတ်၏ ညီမဖြစ်သူ ကျွန်ုပ်တို့၏ မိတ်ဆွေ မချစ်သဲစုမသိရှိဘဲ ရောင်းချခြင်းများမပြုလုပ်ရန်၊ အကယ်၍ ရောင်းချခြင်းများပြုလုပ်နေပါက ဆက်လက်မပြုလုပ်ရန်နှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား လက်ဝယ်ထားရှိပြီး ရောင်းဝယ်ခြင်းများ ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သန်းသန်းထိုက် (LL.B)** | **ဒေါ်အေးအေးမင်း (LL.B)** |
| **စဉ် – ၁၁၆၀၇ (၂၉–၁၁–၂၀၁၆)** | **စဉ် – ၁၀၄၁၉ (၂၆–၂ –၂၀၁၅)** |
| **အမှတ် (၈၂၀)၊ သရေခေတ္တရာ (၂၄) လမ်း၊** | **အမှတ် (၇၅၀)၊ ကြံ့ခိုင်ရေးလမ်း၊** |
| **(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** | **(၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး။ 09–420771590** | **ရန်ကုန်တိုင်းဒေသကြီး။ 09–421718875** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၇၉/က+ခ)၊ ဧရိယာ(၄၀x၆၀)ပေ၊ မြေကွက်တည်နေရာ အမှတ်(၁၇၉/က+ခ)၊ မဟာဝန်အောက်လမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကြည်သိန်း( RGN-၀၁၂၃၅၀၈)အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ဦးသန့်ဇင်မင်း၊ ဦးဇော်မင်းတို့မှ တရားလိုပြုလုပ်၍ ဦးကြည်သိန်းအား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၈၄/၂၀၂၅) ဖြင့် ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီ ချမှတ်သည့် (၂၀-၁-၂၀၂၆)ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၂၁/၂၀၂၆ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၃-၃-၂၀၂၆)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး[၁၂/ဥကတ(နိုင်)၁၄၈၈၅၇]က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေစာရင်းမှတ်ချက်(၁) (၁၉-၁၁-၂၀၀၄)အရ ဦးကြည်သိန်းမှဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားသော မှတ်ချက်နှင့်ပတ်သက်၍ တရားရုံးဦးကြည်သိန်းသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၆)တွင် ပေးဆပ်ရန်ရှိသော ချေးငွေများကို (၃၁-၁၂-၂၀၀၇) ရက်နေ့တွင် ပေးဆပ်ပြီးဖြစ်၍ ကြွေးမြီကင်းရှင်းပြီဖြစ်ကြောင်း (၂၅-၆-၂၀၂၅)ရက်နေ့စွဲပါ ထောက်ခံချက်မူရင်းအား ဘဏ်မှထုတ်ပေးခဲ့သဖြင့် စွဲဆိုခဲ့သော တရားမကြီးမှုအမှတ် (၈၄/၂၀၂၅)တွင် သက်သေခံအဖြစ် ပူးတွဲတင်သွင်းထားခဲ့ပါကြောင်း(၄-၈-၂၀၂၆) ရက်စွဲပါ ရှင်းလင်းတင်ပြစာနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ (၆)၏ကြွေးမြီကင်းရှင်းကြောင်း ထောက်ခံချက်တို့တင်ပြ၍ ဘီလစ်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၇)လမ်း၊ အမှတ်(၉၁၁/က)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၉၁၁/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးစောဟန်(AA-၁၁၅၃၉၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို (ဖခင်)ဦးစောဟန်နှင့် (မိခင်)ဒေါ်ရီတို့ ကွယ်လွန်သွားကြပြီးဖြစ်၍ သားသမီးအရင်းများဖြစ်ကြသော ၁။ဦးစန်းမောင်[၁၂/ဥကတ(နိုင်)၀၁၂၃၃၀၀]၊ ၂။ဒေါ်အေးအေးဆင့်[၁၂/ဥကတ(နိုင်)၀၁၃၀၂၄၁]၊ ၃။ဦးအောင်မြင့်လွင်[၁၂/ဥကတ(နိုင်)၁၁၅၂၉၈]၊ ၄။ဒေါ်ဌေးဌေး[၁၂/ဥကတ(နိုင်)၁၃၇၈၈၆]နှင့် မြေးဖြစ်သူ ၅။ဒေါ်မေသဇင်မြင့်[၁၂/ဥကတ(နိုင်)၁၇၂၆၅၃]တို့က ၎င်းတို့သာလျှင် အမွေဆက်ခံခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာလွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှဲ့လှဲ့စိုး[၁၂/ရကန(နိုင်)၀၀၂၉၄၄]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်မြင့် (H.GP, LL.B )** | **ဒေါ်နှင်းမြခိုင် (LL.B, LLM)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၃၂၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၃၀၃)** |

**အမှတ်(၁၂၆)၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၃**

## ဦးကျော်စိုး (ဘ)ဦးအေးတင့်[၁၄/ဘကလ(နိုင်)၀၉၀၈၉၃]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစု ကျေးရွာ၊ ရွှေဘိုလမ်း၊ အမှတ်(၁၁၆၀)နေ ဒေါ်မြတ်စုမွန်(ဘ)ဦးဟန်မြင့်[၁၄/အမတ(နိုင်)၀၀၇၅၃၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်မြတ်စုမွန်နှင့် ဦးကျော်စိုးတို့သည် (၂၀၁၂)ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားခဲ့ကြပြီး သားသမီး(၂)ဦး ထွန်းကားခဲ့ကာ ထိမ်းမြားပြီးသည့်အချိန်မှစ၍ လာအိုနိုင်ငံတွင် နေထိုင်ခဲ့ပြီး၊ ဒေါ်မြတ်စုမွန်က အလုပ်လုပ်ကိုင်၍ ရရှိလာသော ငွေကြေးများကို မယားဝတ္တရားနှင့်အညီ စုဆောင်းသိမ်းဆည်း၍ ရွှေထည်ပစ္စည်းများ၊ ငွေကြေးများစုဆောင်းခဲ့သော်လည်း ဦးကျော်စိုးမှာ အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ ဒေါ်မြတ်စုမွန်အား အသက်အန္တရာယ် စိုးရိမ်ရသည်အထိ ရန်ပြုဆဲဆို၊ ရိုက်နှက်ခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများအား အကြောင်းအမျိုးမျိုးဖြင့် သုံးဖြုန်းခြင်း၊ မိသားစုများ၊ မိတ်ဆွေများအလယ်တွင် လူမှုရေး ဖောက်ပြန်သည်ဟု စွပ်စွဲပြောဆိုခြင်း၊ ဒေါ်မြတ်စုမွန်၏ မိဘနှစ်ပါးအား အဂါရဝဆက်ဆံခြင်းနှင့် အပြစ်ရှာရန်ပြုဆဲဆိုခြင်းများကိုသာ ပြုလုပ်ခဲ့ပါသည်။ ဦးကျော်စိုး၏ အထက်ပါ ကိုယ်ထိလက်ရောက် ရန်ပြုရိုက်နှက်မှု၊ ဂုဏ်သိက္ခာကျဆင်းစေရန် စွပ်စွဲပြောဆိုမှု၊ ငွေကြေး ဖြုန်းတီးမှုတို့ကြောင့် မိသားစု စီးပွားရေးကျဆင်းခဲ့ရသည့်အပြင် ဒေါ်မြတ်စုမွန်သည် ကိုယ်စိတ်နှစ်ပါး လွန်စွာပင်ပန်းဆင်းရဲဒုက္ခ ရောက်ရပြီး သားသမီးများသည်လည်း စိတ်ဒဏ်ရာများရရှိ၍ ဦးကျော်စိုးအပေါ် အလွန်အမင်း ကြောက်ရွံ့မှုများ ခံစားခဲ့ရပါသည်။ (၂၀၂၅)ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိနေထိုင်ခဲ့ရာတွင် ဦးကျော်စိုးမှ အလုပ်လုပ်ကိုင်ခြင်း၊ ရှာဖွေကျွေးမွေးခြင်း မရှိဘဲ ဒေါ်မြတ်စုမွန်ထံမှ ရွှေထည်ပစ္စည်းများနှင့် ဖုန်းများကို ယူဆောင်ရောင်းချပြီး သုံးဖြုန်းခဲ့ပြီး အကြောင်းအမျိုးမျိုးဖြင့် အိမ်မှ မကြာခဏထွက်သွားခြင်း၊ ဒေါ်မြတ်စုမွန်၏ မိခင်ထံနှင့် မိတ်ဆွေများထံမှ ငွေကြေးများချေးယူကာ မိသားစုသိရှိခြင်းမရှိဘဲ အိမ်မှထွက်သွားသည်မှာ (၅)လခန့်ရှိပြီး အဆက်အသွယ်ရရှိခြင်းမရှိတော့ပါ။ လူမှုရေး ဖောက်ပြန်သည်ဟု စွပ်စွဲပြောဆိုပြီး ဒေါ်မြတ်စုမွန်အား ကြိမ်းမောင်း ခြိမ်းခြောက်ကာ ရန်ပြုရိုက်နှက်ပြီး ရွှေထည်ပစ္စည်းများနှင့် ငွေကြေးများယူဆောင်ပြီး အိမ်မှစွန့်ပစ်ထွက်သွားခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ဦးကျော်စိုး၏ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် နှိပ်စက်မှုခံရခြင်း၊ စွန့်ပစ်မှုခံရခြင်းတို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မြတ်စုမွန်မှ ဦးကျော်စိုးနှင့် ပြန်လည်ပေါင်းသင်းရန် ဆန္ဒမရှိတော့သည့်အလျောက် ဦးကျော်စိုးနှင့် ဒေါ်မြတ်စုမွန်တို့သည် ဦးကျော်စိုး စွန့်ပစ်သွားသည့်နေ့ရက်မှစ၍ လင်ခန်းမယားခန်းပြတ်စဲ၍ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ဒေါ်မြတ်စုမွန်၏ သဘောဆန္ဒကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဦးကျော်စိုးနှင့် အများသိစေရန် ထုတ်ဖော်ကြေညာလိုက်သည်။ ထို့ပြင် ဦးကျော်စိုးနှင့် ပတ်သက်သော ကိစ္စအဝဝအား မည်သူ့ကိုမှ ဒေါ်မြတ်စုမွန်က တာဝန်ယူဖြေရှင်း ဆောင်ရွက်ခြင်းပြုမည်မဟုတ်ကြောင်းနှင့် ဦးကျော်စိုးမှ ဒေါ်မြတ်စုမွန်နှင့် မိသားစုအပေါ် ဥပဒေနှင့်မညီသော ပြုလုပ်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါက ဒေါ်မြတ်စုမွန်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြတ်စုမွန်** | **ဒေါ်စိမ့်စိမ့်သူ (LL.B)** |
| **[၁၄/အမတ(နိုင်)၀၀၇၅၃၀]** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၃၀၆/၂၀၁၇)** |

**အမှတ်-၂၁၇/က၊ ငွေပြည့်သာယာလမ်း၊ (၁၄) ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၆၅၃၀၀၈**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဖိုလေးလုံးကျေးရွာအုပ်စု၊ ဖိုလေးလုံးကျေးရွာနေ ဦးညိုလုံး၏သား ဦးဖြိုးဝေ[၈/မကန(နိုင်)၂၂၆၁၉၅]၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၄၄၇၃၆၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာ အတွင်းရှိ၊ Star City, (ARA Residences) – Building (Y–20), Room (107/B), (Studio) room type အကျယ်အဝန်း(၃၉၂)၊ စတုရန်းပေရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်နွယ်လှိုင်ဦး[၁၂/သခန(နိုင်)၀၉၇၈၃၆] ကိုင်ဆောင်သူထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ယမင်းထိုက် [၁၂/ပဘတ(နိုင်) ၀၂၉၃၇၉]ကိုင်ဆောင်သူမှ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းထိုက်[၁၂/ပဘတ(နိုင်)၀၂၉၃၇၉]**
**ဖုန်း-၀၉-၉၄၆၉၄၆၉၆၆**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယွေးကျောက်[၁၃/သနန(နိုင်)၀၆၄၇၄၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဒေါင်းရွေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၈/မယ်တော်စု)၊ ဦးပိုင်အမှတ်(၉)၊ ဦးထွန်းအေး အမည်ပေါက် ပုံစံ(၇)၊ လယ်မြေဧရိယာ(၂.၃၁)ဧက အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်ချပေးထားသောမြေဧကနှင့် ဦးထွန်းအေး အမည်ပေါက် ပုံစံ(၇)လယ်မြေ(၀.၅၀)ဧကတို့အား လက်ရှိတရားဝင် ရောင်းဝယ်ပိုင်ဆိုင်ခွင့်ရှိသူ ဦးထွန်းအေး[၁၃/လရန(နိုင်) ၀၁၇၆၇၂]ထံမှ လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများဖြင့် ရောင်းဝယ်ခြင်း ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ယွေးကျောက်[၁၃/သနန(နိုင်)၀၆၄၇၄၃]ကိုင်ဆောင်သူ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်မိုးသွယ်(LL.B)** | **ဒေါ်မြတ်ဝင်းရီ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၀၈၇)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၃၄၂)** |

**အမှတ်-၁၁၄၄၊ TV တိုင်လမ်း၊ ကျောက်တောင်ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်**
**Ph:09-43207918, 09-699427447**

## "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အာသောကလမ်း၊ အမှတ်-၁၁၂/ဘီတွင် နေထိုင်သော ဒေါ်သန်းသန်းဝေ[၁၂/လမန(နိုင်)၀၃၀၃၇၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်သန်းသန်းဝေ[၁၂/လမန(နိုင်)၀၃၀၃၇၈]နှင့် ဦးဌေးအောင်[၁၂/လမန (နိုင်)၀၃၀၃၇၇]တို့သည် အကြင်လင်မယားအဖြစ် တရားဝင်ကွာရှင်းပြတ်စဲ ကြခြင်းမရှိကြသေးသည့်အတွက် လင်မယားနှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်ကြသော (၁)ဘဏ်တွင် အပ်နှံထားသော နှစ်ဦးပိုင်ငွေကြေးများ၊ (၂) 7L-5650 TOYOTA PREMIO, 2H-5965 TOYOTA ESTIMA ကား(၂)စီး၊ (၃)အမှတ်-၁၁၂/ဘီ၊ အာသောကလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ လုံးချင်းအိမ် (၁)လုံး၊ (၄) New Sky Hotel သည် လင်မယားနှစ်ဦးပိုင်ဖြစ်သည့်အတွက် ငွေကြေးများနှင့်ပတ်သက်ပြီး တစ်ဦးတည်းပိုင် ပြုလုပ်ထားခြင်းတို့ မပြုလုပ်ရန်နှင့် အထက်ပါပစ္စည်းများနှင့်ပတ်သက်ပြီး ဒေါ်သန်းသန်းဝေသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း၊ တစ်စုံတစ်ရာလွှဲပြောင်းခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းနန်းအောင် (LL.B, D.I.P.L) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၉၅၈၂ /၂၀၂၅)**
**အမှတ်-၆၅၉/ခ၊ လှိုင်ရတနာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၄၄၉၅၈၄၄၅၊ ၀၉-၅၁၃၂၈၂၁၊ ၀၉-၇၈၂၈၃၁၇၇၂**

## ဒေါ်သင်းသင်း (ဘ)ဦးပိုက်[၁၂/တတန(နိုင်)၁၃၂၅၈၉] ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ဂရက်လမီးကျေးရွာ အုပ်စု၊ ဆိပ်ကြီးကျေးရွာနေ ဦးထွန်းသက်ဦး (ဘ) ဦးစောဘင်ဂျာမင်း[၁၂/တတန (နိုင်)၁၃၂၅၈၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းသက်ဦးနှင့် ဒေါ်သင်းသင်း[၁၂/တတန(နိုင်) ၁၃၂၅၈၉]ကိုင်ဆောင်သူတို့သည် လွန်ခဲ့သော(၂၀၀၀)ပြည့်နှစ်ခန့်က အကြင် လင်မယားအဖြစ် တရားဝင်ပေါင်းသင်းခဲ့ပြီး သမီးဖြစ်သူ မဆောင်းသဇင်ဦးနှင့် သားဖြစ်သူ မောင်လင်းဝဏ္ဏထွန်းတို့ သားသမီး (၂)ဦး မွေးဖွားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းလာရာ နေ့ရက်မမှတ်မိ၊ ၂၀၂၄ ခုနှစ် (၁၂)လပိုင်းခန့်တွင် ဇနီးဖြစ်သူ ဒေါ်သင်းသင်းမှ ကျွန်ုပ်တို့၏ မိတ်ဆွေအား လူမှုရေး ဖောက်ပြန်သည်ဟု မမှန်မကန်စွပ်စွဲပြီး နေအိမ်ပေါ်မှ ၎င်း၏သဘောဆန္ဒအလျောက် ဆင်းသွား ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှ ပြန်လည်ပေါင်းသင်းရန် သွားရောက် ခေါ်သော် လည်း လိုက်ပါခဲ့ခြင်းမရှိဘဲ ငြင်းဆန်ခဲ့သည်မှာ ယနေ့အချိန်အထိ (၁)နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေအား စွန့်ပစ်ခဲ့သူ မသင်းသင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်ုပ်တို့မိတ်ဆွေမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း နှင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းသက်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်ငွေ (LL.B)** | **ဒေါ်ဝင်းသန္တာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၆၆၈၉)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၈၆၁)** |
| **ဖုန်း-၀၉-၄၂၁၁၄၂၀၉၃** | **ဖုန်း-၀၉-၄၂၁၀၀၈၈၈၂** |

**အမှတ်(၄၈)၊ သမိန်ဗရမ်းလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း G- 11မှ မဇင်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးသန့်စင်ဦး[၇/ရတရ(နိုင်)၁၁၇၂၈၁]ဖြစ်ပါကြောင်း။

**ဦးသန့်စင်ဦး**
**[၇/ရတရ(နိုင်)၁၁၇၂၈၁]**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄-ဂျီ၊ မြေကွက်အမှတ်-၅-အေ/၇၅၊ (၀.၀၆၃)ဧက မြေကွက်တည်နေရာအမှတ်-၁၃၀၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ (၁)ဦးကျင်လျှော(ခ)ဦးထွန်းအေး[၁၂/တမန(နိုင်)၀၂၉၈၈၂](အယ်လ်/အာရ်ဂျီအန်-၀၀၈၀၀၆)၊ (၂)ဦးကျင်ဗိုး(ခ)အောင်သန်း[၁၂/တမန(နိုင်)၀၂၇၄၃၅](အယ်လ်/အာရ်ဂျီအန်-၀၀၈၀၁၄) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် (၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျင်ဗိုး(ခ)ဦးအောင်သန်းသည် (၂၈-၇-၂၀၁၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ကိုဘီလေး(ခ)ဒေါ်တင်တင်လေး[၁၂/တမန(နိုင်)၀၈၃၆၂၉]မှ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျင်လျှော(ခ)ဦးထွန်းအေး [၁၂/တမန(နိုင်)၀၂၉၈၈၂]နှင့်အတူ ပူးတွဲ၍ ကွယ်လွန်သူ ခင်ပွန်း ဦးကျင်ဗိုး(ခ)ဦးအောင်သန်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး မိမိမှလွဲ၍ အခြားဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူခင်ပွန်း ပိုင်ဆိုင်ခွင့်အစုအား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိမှ အမွေဆက်ခံ ပိုင်ဆိုင်လာပါကြောင်း၊ မိမိမှလွဲ၍ အခြားမည်သူတစ်ဦး တစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင်ခြင်းမရှိကြောင်း ကိုဘီလေး(ခ)ဒေါ်တင်တင်လေး၏ (၁၆-၆-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် အမည်ပေါက်စာချုပ်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန စဝ်စံထွန်းဈေးအားအဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI) ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနပိုင် စဝ်စံထွန်းဈေးအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံမှုဖြင့် အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI)တင်သွင်းနိုင်ရေး ကြေညာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင် လျှောက်လွှာနှင့်အတူ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပါဝင်ရမည့်အချက်များကို (၂၃-၉-၂၀၂၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုလွှာများကို (၂၂-၁၀-၂၀၂၆)ရက်နေ့၊ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့တင်သွင်းနိုင်ပါသည်။

၃။ စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် သိရှိလိုသည်များရှိပါက တာဝန်ခံအင်ဂျင်နီယာ ဖုန်းနံပါတ်-၀၈၁-၂၁၂၁၀၁၂၃၊ ၀၉-၂၅၀၁၃၃၄၄၉ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ ပေါ်ဦး(၂)လမ်း၊ မြေကွက်အမှတ်(၈၃၇/ခ)ဟုခေါ်တွင်သော (ဦးကျော်စီ IPH-၀၀၀၈၃၇)(စာအမှတ်-၄၃၀)ပါမစ်မူရင်းအမည်ပေါက် ပေ(၂၀x၆၀)ရှိ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(၁၀x၆၀)ပေ မြေကွက်မှ နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ကြင်ဥ၊ ဒေါ်ဝင်းဝင်းမြင့်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ယုလွင်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ယုလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၆)၊ ယသသဝတီလမ်း၊ မြေကွက်အမှတ်(၄၇၆)ရှိ ဦးမျိုးညွှန့်[၁၂/လမတ(နိုင်) ၀၂၁၀၃၄] [ဒဂ(အရှေ့)၁၅၆/၉/၂၀၁၂]နှစ် (၆၀)ဂရန်မူရင်းအမည်ပေါက် (၄၀x၆၀) ပေ မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းကိုယ်တိုင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ်စာချုပ် မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ချိုချိုစန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန္ဒာအောင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံ သို့လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဥ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၄၉၅)၊ (၄၀x၆၀)ပေ အကျယ်ရှိ ဦးစိုးဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ(၁)လမ်း၊ အမှတ်(၄၉၅)၊ မြေကွက်မျက်နှာမူလျှင်ညာ၊ ဂရန်မူရင်းခြမ်း၊ (၁၆x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထား ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးမြတ်မင်း[၁၂/ဥကမ(နိုင်)၂၇၆၅၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသက်ကျော်[၁၂/ဥကမ(နိုင်)၂၃၁၁၈၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B, DIPL, DBL, PGDB)** | **ဒေါ်ယုဇန်ကို(LL.B, DBL, PGDB)** |
| **အထက်တန်းရှေ့နေ(စဥ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဥ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၆)လမ်း၊ (၅၇/က+ခ+ဂ)၊ အဆောက်အအုံအမှတ်(၂၅၇) တွင်ဆောက်လုပ်ထားသော ၃ထပ်ခွဲတိုက် အဆောက်အဦ၏ခေါင်းရင်းခြမ်း (ဒုတိယထပ်) အကျယ်အဝန်း (၁၂ပေခွဲx၅၄ပေ) ရှိ (A-4)တိုက်ခန်း (၁)ခန်းအပါအဝင်၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်ဖြစ်သူ ဒေါ်လှလှမိုး[၁၂/ဒပန(နိုင်)၀၄၂၆၆၅]မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည့်တိုင်အောင် ကျွန်ုပ်မိတ်ဆွေမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၉၂၃)**
**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-778434507**

## "ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စော/တောင်ရပ်ကွက်၊ ငုဝါလမ်း၊ ၆၀/၇၀၊ အခန်း(၆၀၅) ဆဋ္ဌမထပ်(၇-လွှာ) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နော်မူးရေ[၁၄/ဘကလ(နိုင်)၁၇၃၂၀၉]သည် အထက်ပါ တိုက်ခန်းအား(၁၅-၁၂-၂၀၀၂) နေ့စွဲပါ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ရောင်းဖိုးငွေများ အပြေအကျေ ပေးချေလျက်ဝယ်ယူခဲ့သော တိုက်ခန်းဖြစ်ကြောင်းနှင့် ယနေ့တိုင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နော်မူးရေမှသာလျှင် လက်ဝယ်ထားနေထိုင်သူဖြစ်သော ကြောင့်၊ တိုက်ခန်း၏ပိုင်ရှင်အစစ်အမှန်မှာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နော်မူးရေ တစ်ဦးတည်းသာဖြစ်ပါကြောင်းနှင့် ကျွန်ုပ် တို့၏မိတ်ဆွေ ဒေါ်နော်မူးရေ သိရှိခြင်းမရှိဘဲ၊ တိုက်ခန်းနှင့်ပတ်သက်ပြီး အမည်ပြောင်းလျှောက်ထားခြင်း၊ ရောင်းချခြင်း၊ တလွဲအသုံးပြုခြင်း စသောကိစ္စရပ်တစ်စုံတစ်ရာ ဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်မူးရေ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီလာဝင်း (LL.B)** | **ဒေါ်ဂျာရိန်အောင်ဘူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၉၂၃)** | **အထက်တန်းရှေ့နေ (စဥ်-၅၅၅၆၀)** |

**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507**

# မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း သတ္တမသက်တမ်း(၂၀၂၆-၂၀၂၉) အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးမည့် အသင်းသားများနှင့် အလုပ်အမှုဆောင်အဖြစ် ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားမည့်သူများ အဆိုပြုလွှာများထုတ်ယူရန် ကြေညာခြင်း

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ သတ္တမသက်တမ်း(၂၀၂၆-၂၀၂၉) ခုနှစ် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးမည့်အသင်းသားများနှင့် အလုပ်အမှုဆောင်အဖြစ် ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားမည့်သူများသည် အဆိုပြုလွှာများကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး၊ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်တွင်(၁၈-၉-၂၀၂၆)ရက်နေ့မှစတင်၍လည်းကောင်း၊ အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်(၂၂-၉-၂၀၂၆)ရက်နေ့မှစတင်၍လည်းကောင်း၊ နယ်အသင်းခွဲရုံးများနှင့် ဆက်သွယ်၍လည်းကောင်း ထုတ်ယူနိုင်ပြီး မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ Website မှလည်း ရယူနိုင်ပါသည်။ မိမိတို့၏လျှောက်လွှာနှင့်အတူ သက်တမ်းရှိအသင်းဝင်ကတ်မိတ္တူ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသည့် သက်တမ်းရှိလုပ်ငန်းလိုင်စင်မိတ္တူများ ပူးတွဲ၍ (၉-၁၀-၂၀၂၆)ရက်နေ့ ညနေ (၄:၀၀)နာရီ နောက်ဆုံးထားပြီး မိမိတို့ထုတ်ယူသည့် နေရာအသီးသီးသို့ ပြန်လည်ပေးပို့ကြရမည်ဖြစ်ကြောင်း ကြေညာပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ သတင်းကြေညာချက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၆ ခုနှစ်၊ (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ (၈)ရက်နေ့မှ (၁၇)ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

---

## "ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (တောင်သူကုန်း)ရပ်ကွက်၊ Royal Thiri Condo၊ နိဗ္ဗာန်(၈)လမ်း၊ တိုက်အမှတ်(D)၊ အခန်းအမှတ်(D-212)၊ အလွှာ(၂)လွှာ၊ အကျယ်အဝန်း(၇၉၇) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

အထက်ပါ Condo တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူသည် Developer ဖြစ်သည့် Green ကုမ္ပဏီ၏ Royal Thiri Condo အမည်ပေါက် မှတ်တမ်းတွင် အမည်ပေါက်လျက် အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းနည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ပါကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဦးဝင်းမြင့်အောင်[၅/ကဘလ(နိုင်)၀၀၃၀၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါအမည်ပါသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူမဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းရတနာညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**09-972734996, 09-881181988**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ ရွှေနှင်းဆီလမ်း၊ မြေကွက်အမှတ်(၇၁၁)၊ အကျယ်အဝန်း (၂၆ x ၆၀)ပေရှိ ဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းဦး [၁၂/လမန(နိုင်) ၀၈၀၂၄၉]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေစိုး [၁၂/ ရကန(နိုင်)၀၇၆၂၃၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၅၀၀၆၅၂၇၃**

---

## (၃-၉-၂၀၂၆) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး၏ ကြေညာချက်အပေါ် ပြန်လည်တုံ့ပြန်ဖြေရှင်းကြေညာခြင်း

ဦးကံဝင်း [၁၂/ဥကမ(နိုင်)၀၃၀၆၁၃] ကိုင်ဆောင်သူမှ (၃-၉-၂၀၂၆) ရက်နေ့ ကြေးမုံသတင်းစာ၌ သားဖြစ်သူ ကျွန်ုပ်မိတ်ဆွေ ဦးထင်ကျော်သည် ဖခင် ဆိုဆုံးမသည်ကို နာခံမှုမရှိခြင်း၊ ဖခင်၏စကားကို ဖီဆန်ခြင်း၊ ဖခင်အား ရန်သူသဖွယ် ပြုမူခြင်း စသည်ဖြင့် မဟုတ်မမှန်ဖော်ပြကာ သက်သေအထောက်အထားမဲ့ တစ်ဖက်သတ်စွပ်စွဲကာ သွာနုတ္တသားအဖြစ် သတင်းစာ၌ ကြော်ငြာခဲ့ပါသည်။ ထိုကြော်ငြာကြောင့် အများပြည်သူနှင့် ကျွန်ုပ်မိတ်ဆွေ၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအကြားတို့၌ ဦးထင်ကျော်သည် နာမည်ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်ခဲ့ရပါသည်။

ဖခင်ဖြစ်သူ ဦးကံဝင်းဘက်မှ သားဖြစ်သူ ကျွန်ုပ်မိတ်ဆွေ ဦးထင်ကျော်အပေါ် ယနေ့ချိန်ထိ ဥပဒေနှင့်အညီ တရားရုံးတော်တွင် သွာနုတ္တသားအဖြစ် ကြေညာလျှောက်ထားခြင်းမျိုးမရှိခဲ့သလို မည်သည့်တရားရုံးတစ်ရုံးရုံးကမျှ သွာနုတ္တသားဖြစ်ကြောင်း မြွက်ဟကြေညာသည့်အမိန့် ချမှတ်ထားခြင်းမျိုးလည်း မရှိသေးပါ။ အကယ်၍ ဖခင်ဖြစ်သူ ဦးကံဝင်းဘက်မှ သားဖြစ်သူ ဦးထင်ကျော်အား တရားရုံးတော်တွင် သွာနုတ္တသားအဖြစ် ဥပဒေနှင့်အညီ တင်သွင်း လျှောက်ထားလာခဲ့ပါက ကျွန်ုပ်မိတ်ဆွေ ဦးထင်ကျော်ဘက်မှလည်း ရင်ဆိုင်ဖြေရှင်းသွားရန် အသင့်ရှိပါကြောင်း ပြန်လည်တုံ့ပြန် ဖြေရှင်းကြေညာအပ်ပါသည်။

**ဦးထင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သီတာစိုး (LL.B, D.I.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၈၂/၂၀၁၉)**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၆၉၄၂၄၅၅၆၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဏိစည်သူလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ မြေကွက်အမှတ်(၁၀၃၉/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ အကျယ်(၂၀x၆၀)ပေရှိ ဦးအေးမြင့်[၁၂/တမန(နိုင်)၀၆၉၁၈၆] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆက်ဆက်စာချုပ်စာတမ်းများနှင့် ဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဝန်ခံကတိပြုလာသူ ဦးတင်ကိုကို[၆/မအရ(နိုင်)၀၉၂၈၉၅]က ၎င်းသာလျှင် တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံပြောဆိုလာ၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မျိုးသွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှအိဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၈၂၇)**
**09-252390106**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ဒေါပုံမြို့နယ်တရားရုံးတော်၌ ၂၀၂၆ခုနှစ်၊ တရားမကြီးမှု အမှတ်-၁၃

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဦးဝင်းမျိုးထက်
(၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်း
ခံရသူဒုတိယမန်နေဂျာ ဦးသန်းစိုး)
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်နီ(၄)လမ်း၊ အလွှာ(၄)၊ အမှတ်-၃၄၀ နေ တရားပြိုင် ဖြစ်သည့် ဦးဝင်းမျိုးထက်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားပြိုင်တာဝန်ယူမောင်းနှင်သော ဘဏ်ပိုင်မော်တော်ယာဉ် ထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက်ပြုပြင်ရာ၌ ဘဏ်မှ ခေတ္တစိုက်ထုတ်ကုန်ကျခဲ့သည့် ယာဉ်ပြုပြင် စရိတ်ငွေကျပ်(၇,၁၅၁,၈၀၀/-) အား ပြန်လည်ရလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (၁၃၈၈ခုနှစ်၊ နတ်တော်လဆုတ် ၉ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ရဲရင့်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ လိမ္မော်ခြံကျေးရွာအုပ်စု၊ ပိုက်လုံးစုကျေးရွာ၊ ကွင်းအမှတ်-၇၄၉၊ ဦးပိုင်အမှတ် N ၉၁၊ အလျား၁၂၀ပေ x အနံ ၈၀ပေရှိ ဥယျာဉ်ခြံမြေ (G) မြေကွက်၏ အကျိုးခံစားခွင့်အားလုံးကို ဒေါ်ဒွဲလိန်[၁/မစန(နိုင်) ၀၂၈၄၀၆] က လက်ရောက်စိုက်ပျိုးလုပ်ကိုင် နေထိုင်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ဆုရည်မွန်နိုင် [၁၂/မရက(နိုင်) ၁၇၁၁၄၆]က ဝယ်ယူရန်အတွက် ယုံကြည်စွာ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသန္တာဦး (LL.B, CBL, DBL) (DL-101 WIPO Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၄၈၃)**
**အမှတ်-၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၉၀၃၃၇**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ် -၄၀၀/ခ၊ မြေကွက်တည်နေရာအမှတ် -၄၀၀/ခ၊ ကျန်စစ်သားလမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးဌေးဝင်း (ISN - ၅၈၉၇၉၄) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးဌေးဝင်း(ISN-၅၈၉၇၉၄) [၁၂/အစန(နိုင်)၀၉၃၇၅၅] ကိုယ်တိုင်မှ မြေချပါမစ်မူရင်း ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြေချပါမစ်မူရင်းသည် တောင်ဥက္ကလာပ နေအိမ် (၈-၁-၂၀၀၈) ခုနှစ်တွင် မီးလောင်စဉ် ပါဝင်ပျက်စီးပျောက်ဆုံးသွားခဲ့သည့်အတွက် ပါမစ်ပျောက်ဆုံးပျက်စီးသဖြင့် မိမိကိုယ်တိုင်မှ တာဝန်ယူ ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ် -၅၀၂/၂၀၂၅ (၆-၆-၂၀၂၅)၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားဂရန် လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်ခွဲ အုတ်ညှပ်အဆောက်အဦ (၁)လုံးရှိပြီး ကိုယ်တိုင်မနေ အိမ်ငှားထားရှိ၍ ဦးဌေးဝင်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးသဖြင့် ၎င်း၏ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၃)လမ်း/အရှေ့၊ အမှတ်- ၁၂၁၃ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်အဆောက်အဦ၏ (၇)လွှာ (ခေါင်းရင်းဘက်အခြမ်း) (တိုက်မျက်နှာမူဝဲဘက်) တိုက်ခန်းအကျယ် (၁၈'၉" x ၅၄')ရှိ တိုက်ခန်းကို ၎င်းဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည့်အခန်းဖြစ်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီနီစိုး[၁၀/သဖရ(နိုင်)၀၀၀၈၄၁](ဘ)ဦးမောင်စိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွန်းနန္ဒာဘိုက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၁၁၃)**
**အမှတ်- ၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၅၂၁၄၇၇**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄၆)၊ ဒီပါအေးမြလမ်း၊ မြေကွက်အမှတ်(၁၄၁၀/က)၊ အကျယ်အဝန်း (၂၀ ပေx၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိတို့သာလျှင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော (၁)ဦးမြင့်လွင် [၁၂/ရပသ (နိုင်)၀၁၈၉၃၁]၊ (၂)ဒေါ်သီတာမြင့် [၁၂/ရပသ (နိုင်) ၀၀၄၇၃၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခန့်ညီအောင် [၆/မမန (နိုင်)၁၈၈၂၀၀] က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက်(၁၇-၉-၂၀၂၆)ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခန့်ညီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဝင်း (စဉ်-၁၉၂၄၃)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း - ၀၉-၇၆၃၃၄၆၀၁၇**

# Tender Invitation

# GRGI/PRO/P&T/260901

GRGI intends to install Wastewater Treatment (ZLD) on a Turnkey basis.

(1) **Scope of Work:** Design, engineering, supply, erection, commissioning, and performance testing including all associated facilities and utilities.

- **Availability of Tender Documents:**
  Contact No: +959 256 192 616
- **Tender Clarifications:**
  Contact No: +959 505 7046

(2) **Bid Submission Details**

- Submission Deadline: 20 October 2026, 2:00 PM

(3) **General Conditions**

- Bids must be submitted in accordance with the instructions provided in the tender documents.
- Late submissions will not be considered.
- The Company reserves the right to accept or reject any or all bids, wholly or partially, without assigning any reason whatsoever.

Interested companies may request the Tender Documents and obtain further information by contacting the above phone numbers or visiting the company office directly.

## ပျောက်ဆုံးကြောင်း

ဒေါ်စန်းစန်းမော် (ဘ) ဦးအောင်ဝင်း [၁၂/ မဂဒ(နိုင်) ၁၂၅၁၄၀]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း – ၀၉-၄၂၀၁၀၂၉၈၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ တိုက်အမှတ်(၁၁၂)၊ အခန်းအမှတ်(၂၈/၂၉)၊ ၃ လွှာ ၊ တတိယထပ်၊ (၈)မိုင်၊ ပြည်လမ်း ရှိ Han Sein Thant Company ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော Han Sein Thant Companyတွင် ဒေါ်ရတနာဖြိုးဝေ [၁၂/ရပသ(နိုင်) ၀၇၁၁၇၇]သည် ကုမ္ပဏီ၏ Service (ငွေစာရင်း)ဌာနတွင် တာဝန်ထမ်းဆောင်စဉ် ကုမ္ပဏီ၏ ရောင်းရငွေများကို ကိုယ်ကျိုးအတွက် အသုံးပြုခဲ့သဖြင့် ငွေကြေးကွာဟမှုပေါ်ပေါက်ခဲ့ရာ အဆိုပါငွေများအတွက် အစားထိုးပြန်လည် လျော်ကြေးပေးအပ်ရန် ဒေါ်ရတနာဖြိုးဝေက မိမိ၏စိတ်ဆန္ဒအလျောက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်စောဦး (၃) လမ်း၊ အမှတ်(၃၈၆-ခ)ဟုခေါ်တွင်သော အလျား ၆၀ ပေ x အနံ ၁၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို Han Sein Thant Company ထံသို့ အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်၊ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် Han Sein Thant Company နှင့်သာ သက်ဆိုင်ပါကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း သို့မဟုတ် အာမခံထားရှိခြင်းများ မပြုလုပ်ကြရန် တားမြစ်အပ်ပါသည်။

ထို့အပြင် ဒေါ်ရတနာဖြိုးဝေ [၁၂/ရပသ(နိုင်)၀၇၁၁၇၇]အား (၁၆-၉-၂၀၂၆) ရက်နေ့မှစ၍ ကုမ္ပဏီ၏ဝန်ထမ်းအဖြစ်မှ ရပ်ဆိုင်းထုတ်ပယ်လိုက်ပြီဖြစ်ပါသဖြင့် Han Sein Thant Company ၏ မိတ်ဖက်ဖောက်သည် (Customers)များ အနေဖြင့် ငွေပေးငွေယူကိစ္စများ၊ Service ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်ဆက်နွှယ်သောကိစ္စရပ်များအတွက် ဒေါ်ရတနာဖြိုးဝေနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း သို့မဟုတ် ငွေကြေးပေးအပ်ခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် အဆိုပါ ကိစ္စရပ်များအားလုံးအတွက် Han Sein Thant Company ရုံးချုပ်၏ ငွေစာရင်းဌာနသို့သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ရတနာဖြိုးဝေသည် Han Sein Thant Company နှင့် လုံးဝသက်ဆိုင်ပတ်သက်ခြင်း မရှိတော့ပါသဖြင့် ဆက်သွယ်ဆောင်ရွက်မှုကြောင့် တစ်စုံတစ်ရာနစ်နာဆုံးရှုံးမှုပေါ်ပေါက်ပါက ကုမ္ပဏီမှ တာဝန်ယူမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

**Han Sein Thant Company ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သီမွှေ့သက်သက်ခင်**
**LL.B, LL.M, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၂၂)**

**ဒေါ်ကြူကြူဇင် (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၃၀၅၇)**

**အမှတ်-၁၃၈၊ လမ်း-၄၀(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉-၅၀၈၆၅၇၉၊ ၀၉-၂၅၂၅၃၄၃၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉ သမိုင်း၊ မြေကွက်အမှတ်-၅၃/က၂၊ ဧရိယာ-၀.၀၈၅ဧကေ၊ မြေကွက်တည်နေရာအမှတ်(၁၂၀)၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ခင်အောင်တင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အောင်တင် [၁၂/မရက (နိုင်) ၀၉၁၂၁၆]ကိုယ်တိုင်က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၅ခုနှစ် ဘဏ်ချေးမြေပုံကူးမှတ်ချက်နှင့် ပတ်သက်၍ ဒေါ်ခင်အောင်တင်မှ ၂၀၁၅ခုနှစ် ဘဏ်ချေးရန်မြေပုံမြေရာဇဝင် လျှောက်ထားထုတ်ယူခဲ့ပါကြောင်း၊ ထိုသို့ ထုတ်ယူခဲ့သော ဘဏ်ချေးရန် မြေပုံ၊ မြေရာဇဝင် မူရင်းမှာ မိမိ၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အသုံးပြုရသေးခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ ၎င်းမြေပုံ၊ မြေရာဇဝင်ကို အာမခံအဖြစ်ထား၍ မည်သည့်ဘဏ်တွင်မှ ငွေချေးယူခဲ့ခြင်း မရှိသည်မှာ မှန်ကန်ပါကြောင်း အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုအထောက်အထားများသည်လည်း မိမိလက်ဝယ်၌ရှိပါကြောင်း ၎င်းမြေကွက်၏ နှစ်(၆၀)ဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း အာမခံအဖြစ် တင်သွင်းထားခြင်း လုံးဝ မရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)မြေငှားဂရန်တို့ တင်ပြလာပါသဖြင့် အမည်ပေါက် ဒေါ်ခင်အောင်တင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## SUZUKI ERTIGA (6Q/9613) ယာဉ်နှင့် HYUNDAI GRAND STAREX (6N/9416) ယာဉ်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးထင်ကျော် [၁၂/ဥကမ(နိုင်)၁၇၀၅၂၂]၏ အမည်ပေါက်ဖြစ်သော SUZUKI ERTIGA (6Q/9613) ယာဉ်နှင့် HYUNDAI GRAND STAREX (6N/9416) ယာဉ်(၂)စီးတို့နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှ ကိုယ်တိုင်ရောင်းချခြင်း၊ သိရှိသဘောတူညီခြင်းမရှိပါဘဲ ဦးထင်ကျော်၏ မျက်ကွယ်တွင် အထက်ဖော်ပြပါ ယာဉ် (၂)စီးအား တစ်စုံတစ်ဦးမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် အာမခံထားခြင်း စသည်တို့အား မပြုလုပ်ပါရန် အများသိစေရန် အသိပေး ကန့်ကွက်ကြေညာအပ်ပါသည်။

ယခုကန့်ကွက်အသိပေးကြေညာပါလျက် ကျွန်ုပ်မိတ်ဆွေ ဦးထင်ကျော် သိရှိသဘောတူညီခြင်းမရှိဘဲ အထက်ဖော်ပြပါကိစ္စရပ်များအား တစ်ဦးဦးမှ ပြုလုပ်ဆောင်ရွက်သည်ကို လက်ခံဆောင်ရွက်ပေးခြင်း၊ လွှဲပြောင်းလက်ခံခြင်း၊ ဝယ်ယူခြင်း စသည်တို့အား ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပေါ်ပေါက်လာသည့် နစ်နာမှုအဝဝအတွက် ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်မယူပါကြောင်းနှင့် အထက်တွင် ကန့်ကွက်ထားသည့်ကိစ္စရပ်များအား ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကန့်ကွက်ကြေညာအပ်ပါသည်။

**ဦးထင်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သီတာစိုး (LL.B, D.I.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၂၈၂/၂၀၁၉)**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၆၉၄၂၄၅၅၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ (၁၈)ရပ်ကွက်၊ သီတဂူလမ်း၊ မြေကွက်အမှတ် သ,က,မ ၁၆/၄၀၈/က ဟုခေါ်တွင်သော (၂၀ ပေx၆၀ ပေ)အကျယ်ရှိ မြေချပါမစ်အမည်ပေါက် ဦးတင်ငွေ (မှတ်ပုံတင်အမှတ် MTNT – ၀၂၆၇၇၅) (ဘ) ဦးညွန့်တင် မြေကွက်၏ ခေါင်းရင်းဘက် (၁၀ပေx ၆၀ပေ)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်၊ အိမ်သုံးမီတာအပါအဝင်၊ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မရမ်ဘီ (မှတ်ပုံတင်အမှတ် KLW – ၀၂၃၆၈၉ )မှ ဆက်စပ်စာချုပ်များနှင့်အတူ မြေချပါမစ်မူရင်းအပါဖြင့် (၅-၁၀-၂၀၀၈)နေ့ကပင် ဝယ်ယူနေထိုင်ပိုင်ဆိုင်လာခဲ့သူဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေမှ မိမိပိုင်ဆိုင်သော မြေကွက်အပိုင်းနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို ပြန်လည်ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရောင်းချခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိန်မင်း (LLB, DBL, MBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၉၄၇၅)(၂၇-၁၁-၂၀၂၄)**
**ဖုန်း – ၀၉-၂၅၃၅၀၆၅၄၂**

**ဦးခင်မောင်ဝင်း (MBL, PGDL, HGP)**
**အထက်တန်းရှေ့နေ(စဉ် – ၃၁၄၆၉)(၁၈-၁၁-၂၀၁၀)**
**ဖုန်း – ၀၉-၉၅၁၁၄၄၁၀၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၈၁၂)၊ မြေကွက်အမှတ်(၈၁၁)နှင့် ကပ်လျက်အခြမ်း၊ မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးသန်းထွန်း[၁၂/မဂဒ(နိုင်)၀၇၆၄၁၂] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးခန့်နိုင် [၁၂/လမတ(နိုင်)၀၀၁၀၂၈]၊ ဦးကျော်ဇေယျာဝင်း [၁၂/အလန(နိုင်) ၀၄၂၉၁၆]တို့သည် “နှစ်ဦးသဘောတူအဆင့်ဆင့်အရောင်းအဝယ်ကတိစာချုပ်”များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်ကြီး [၃/ဘအန(နိုင်)၁၆၆၀၉၁]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ကြီးက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)**
**(စဉ်-၅၆၆၆၂)**
**အထက်တန်းရှေ့နေ**

**ဒေါ်ပန်းသဇင်ကျော်(LL.B)**
**(စဉ်-၅၆၈၂၃)**
**အထက်တန်းရှေ့နေ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉-၄၃၁၁၄၆၅၄**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သုခဖြတ်လမ်း၊ အမှတ် (၁၆)တွင် တည်ရှိသော PATTAMYARR TAUNG COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် – ၁၄၇၂၇၁၉၇၂ သည် အောက်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာန၏ Application Number – T/2026/005320 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်–




**လျှောက်လွှာနံပါတ် – T/2026/005320**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် လူသုံးအလှကုန်ပစ္စည်းများဖြစ်သည့် Shampoo, Body Lotion, Body Shower, Skincare ပစ္စည်းများအား ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း၊ ဆိုင်ခန်းများ ဖွင့်လှစ်၍ ရောင်းချခြင်း၊ Online မှ တစ်ဆင့်ရောင်းချပေးခြင်းများအား ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိ၏ဝန်ဆောင်မှု လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားတူ/ပုံစံတူ ပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**PATTAMYARR TAUNG COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၅၄)**

**ဒေါ်ခိုင်ဇင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၉)**

**ဒေါ်နန်းနွယ်နီမော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၇၃၈၆)**

**အမှတ်(၂၇၉)၊ အခန်းအမှတ်(၆-ဘီ)၊ 7-Lift ၊ ၉-ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၇၇၇၂၀၀၄၀၊ ၀၉-၈၈၀၂၅၂၅၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

BUDDY TOUR MYANMAR COMPANY LIMITED မှ (၁၇-၉-၂၀၂၆)တွင် ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ အုပ်ချုပ်မှုဒါရိုက်တာ အဖြစ် ဦးမြတ်ထက် [၁၂/ဗဟန(နိုင်)၀၉၁၆၂၄] နေရာတွင် ဒေါ်သီတာအေး [၁၂/ကမတ(နိုင်)၀၄၈၆၄၉]အား တာဝန်လွှဲပြောင်းနိုင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ပါ၍ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လိုင်စင်များအား ဒေါ်သီတာအေးအမည်ဖြင့် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**BUDDY TOUR MYANMAR COMPANY LIMITED**
**ဖုန်း- ၀၉-၇၈၆၅၁၂၇၆၅**

## ကြော်ငြာစာ

## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )

## အလုံခရိုင်တရားရုံးတော်

## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၃၁

**ကွယ်လွန်သူ ဦးလဝမ်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၆၈)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူဦးလဝမ်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးအောင်မော် (ကွယ်လွန်သူ ဦးလဝမ်၏ မြေးအရင်းတော်စပ်သူ)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်)** နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလဝမ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ **(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)**ဆိုခဲ့သော **၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်)**နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးအောင်မော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီရိဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အလုံခရိုင်တရားရုံး**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်တက်ကွ်ဘောအသင်းအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ရှိ Nagoya City Higashi Sports Center ၌ ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်တက်ကွ်ဘောအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။




တက်ကွ်ဘော အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်နှင်းဝေက ရွှေတံဆိပ်ဆုတစ်ခု၊ တက်ကွ်ဘော အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက ငွေတံဆိပ်ဆုတစ်ခု၊ တက်ကွ်ဘော အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် စောဖရိုင်းဒေးက ကြေးတံဆိပ်ဆုတစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်တက်ကွ်ဘောအသင်းမှ နည်းပြနှစ်ဦးနှင့် အားကစားသမားလေးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် တစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကာ အာရှအားကစားပြိုင်ပွဲဝင်နိုင်ငံများ၏ အလယ်တွင် မြန်မာနိုင်ငံတော်အလံကို စာမျက်နှာ ၂၀ ကော်လံ ၅ သို့★

## ယနေ့ ဖတ်စရာ

**အင်ဒိုနီးရှားနိုင်ငံရှိ တောမီးလောင်ကျွမ်းသည့်ဒေသများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူ ၁၅၁၀၀၀ ကျော် ရှိလာ**

နိုင်ငံတကာ စာမျက်နှာ » ၁၃

**လားရှိုးမြို့၌ ငွေကျပ် ၁၆၂၅ ဒသမ ၈၅ သိန်းတန်ဖိုး၊ သာစည်မြို့နယ်၌ ငွေကျပ် သိန်း ၂၀၀ တန်ဖိုး၊ ကလေးမြို့၌ ငွေကျပ် ၁ ဘီလီယံ ကျော်တန်ဖိုး၊ မိုးညှင်းမြို့နယ်၌ ငွေကျပ် ၃၁၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၉



မာဆေးလ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ပီအက်စ်ဂျီအသင်း ယခုဘောလုံးရာသီ ပြင်သစ်ပထမတန်းပြိုင်ပွဲ၌ ဒုတိယမြောက်နိုင်ပွဲရရှိ

ပီအက်စ်ဂျီအသင်းဟာ စက်တင်ဘာ ၂၀ ရက်ညပိုင်းက မာဆေးလ်အသင်းရဲ့ အိမ်ကွင်းမှာ အနိုင်ရရှိခဲ့တာကြောင့် ယခု ၂၀၂၆-၂၀၂၇ ဘောလုံးရာသီမှာ ပြင်သစ်ပထမတန်းပြိုင်ပွဲ၌ ဒုတိယမြောက်နိုင်ပွဲရရှိခဲ့ပြီဖြစ်ပါတယ်။

မာဆေးလ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ အဝေးကွင်းကို လာရောက်ကစားခဲ့တဲ့ ပီအက်စ်ဂျီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှဂိုးမသွင်းနိုင်ခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းက ပွဲကစားချိန် ၆၆ မိနစ်မှာ ဖာရန်တောရက်စ်ကတစ်ဂိုး၊ ၇၄ မိနစ်မှာ မာကွင်ဟိုကတစ်ဂိုးသွင်းယူပေးခဲ့ပြီး မာဆေးလ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၂ မိနစ်မှာ ဂိုမက်စ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မာဆေးလ်အသင်းဟာ ချေပဂိုးထပ်မံရရှိရေးကြိုးစားခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်မှာ တီမိုသီဝီယာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ✣

# FIFA–Asean Cup 2026 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ကစားသမား ၂၃ ဦးရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်ဖြစ်သူ နော်ဝေ/ဂျာမနီနိုင်ငံသား ယော်အန်ဒါဆင်သည် FIFA–Asean Cup 2026 ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် စက်တင်ဘာ ၂၁ ရက်က ဟောင်ကောင်သို့ ထွက်ခွာသွားပြီး အပြီးသတ်လူစာရင်းတွင် ဒဏ်ရာရကစားသမားများရှိနေသဖြင့် စီနီယာကစားသမားများနှင့် လူငယ်ကစားသမားများ တွဲဖက်ရွေးချယ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် လူငယ်ကစားသမားများဖြစ်သည့် ကောင်းခန့်ကျော်၊ မိုးဆွေ၊ ပြည့်စုံအောင်တို့ ပထမဆုံးအကြိမ် ရွေးချယ်ခံရသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား-ဇင်ညီညီအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်)၊ နောက်တန်း-မြတ်ဘုန်းခန့် (သစ္စာအားမာန်)၊ ဖြိုးပြည့်စုံ (ရှမ်းယူနိုက်တက်)၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော် (ကလပ်အသင်းမရှိ)၊ ဖွဲ့ခန့်မင်း (ရန်ကုန်စီးတီး)၊ အလယ်တန်း-အောင်မျိုးခန့်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ ဝေလင်းအောင် (နီဂျီရီဆီဘန်လမ်-မလေးရှား)၊ ရှိုင်းဝဏ္ဏအောင် (သစ္စာအားမာန်)၊ မိုးဆွေ (ရတနာပုံ)၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✶

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး အုပ်စုနောက်ဆုံးနေ့တွင် မြန်မာအသင်း ဘင်္ဂလားဒေ့ရှ်နှင့် သရေကျပြီး အုပ်စုအဆင့်မှထွက်ခဲ့ရ

ရန်ကုန် စက်တင်ဘာ ၂၁

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၁ ရက်က ဂျပန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ဂိုးမရှိသရေကျပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။



အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး အုပ်စုနောက်ဆုံးနေ့တွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မြန်မာအသင်းသည် ယခုပွဲအနိုင်ရပါက အကောင်းဆုံးအုပ်စု တတိယနေရာဖြင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် နောက်တစ်ဆင့်တက်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်ကို မဖြစ်မနေအနိုင်ရရန် လိုအပ်သော်လည်း စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ❖